# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏။ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့် ကြာသပတေးနေ့။ Thursday, 30 April 2026 ၁၂၁၆၄


# မန္တလေးတိုင်းဒေသကြီးရှိ သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲကျင်းပ

**ယခုပြီးစီးသည့် စီမံကိန်းနှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်**

နေပြည်တော် ဧပြီ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ Leader Power Co., Ltd မှ တည်ဆောက်သော သာစည် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ Hanzar Solar Energy Co., Ltd မှ တည်ဆောက်သော သပြေဝ၄၀မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳**



မန္တလေးတိုင်းဒေသကြီးရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ — စာမျက်နှာ » ၃

ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် — မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် — စာမျက်နှာ » ၄

နှစ်ဆယ်ရာစု အထူးခြားဆုံးသော ဆဋ္ဌသင်္ဂါယနာမော်ကွန်း — ဆောင်းပါး စာမျက်နှာ » ၆

အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေး ကျင်းပ — စာမျက်နှာ » ၈



ဧရာဝတီတိုင်း ဒေသကြီး မအူပင်(တောင်) ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ — စာမျက်နှာ » ၅

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့နှင့် KPDF အမည်ခံအဖွဲ့ဝင်လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက် — စာမျက်နှာ » ၁၁

ကြေးမုံ

# ကျေးဇူးဂုဏ်တင် ဖြစ်တော်စဉ် ကဆုန်လပြည့် မြတ်ဗုဒ္ဓနေ့

ရှေးခေတ်မဟာအတုလမင်းကြီးလက်ထက်က ကဆုန်လပူပြင်းသကဲ့သို့ ယနေ့ကာလတွင်လည်း ကဆုန်လသည် အပူဆုံးလစံချိန်ကို ထိန်းထားပါသည်။ "တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်" "တန်ခူးရေကုန်၊ ကဆုန်ရေခန်း" ဆိုသကဲ့သို့ နွေလယ် ဤကာလ၌ ပူပြင်းခြောက်သွေ့ ငြီးငွေ့ဖွယ်ဖြစ်သည်။ ကန်၊ ချောင်း၊ ဆည်မြောင်း၊ အင်းအိုင်တို့၌ ရေပြတ်၊ ရေစင်သောလဟုဆိုကြသည်။ မည်သို့ပင်ပူစေ မြတ်ဗုဒ္ဓ ဂုဏ်တော်ကိုနှလုံးသွင်း၍ ပရိဘောဂစေတီ ဗောဓိပင်ကို ညောင်ရေသွန်းလောင်းပြီး နှလုံးစိတ်ဝမ်းအေးချမ်းမှုကို ဆောင်ကြဉ်းကြရန်လိုပါသည်။

"ဖွားဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နန်းနိဗ္ဗာန်"ဟူသော စာဆိုနှင့်အညီ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့ မြတ်ကြီးဖြစ်သော ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်တို့ကို နှလုံးသွင်းဆင်ခြင်ပြီး ကောင်းမှုကုသိုလ်များ ပြုလုပ်ကြရပေမည်။ (၁) ဤကဆုန်လပြည့်နေ့၌ ထွတ်ခေါင်ထိပ်တင် ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာ မြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်၍ မြတ်စွာဘုရားထံမှ နိယတ ဗျာဒိတ်ကို ခံယူတော်မူသည်။ (၂) ဤကဆုန်လပြည့်နေ့၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် (သောကြာနေ့)ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီဥယျာဉ်၌၊ မဟီလှိုက်ဆူ ဖွားမြင်တော်မူသည်။

(၃) ဤကဆုန်လပြည့်နေ့၌ သစ္စာလေးပါး မြတ်တရားကို ရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင် ပေါ်ပေါက်တော်မူသည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် (ဗုဒ္ဓဟူးနေ့)တွင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသည်။ (၄) ဤကဆုန်လပြည့်နေ့၌ မြတ်စွာဘုရားရှင်သည် ဝါတော်လေးဆယ့်ငါးဝါ၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်(အင်္ဂါနေ့)တွင် ကုသိနာရုံပြည်၊ မလ္လာမင်းတို့၏ ဥယျာဉ်တော်၌ ပရိနိဗ္ဗာန် စံဝင်တော်မူသည်။ ဤသို့ ဗျာဒိတ်ခံယူခြင်း၊ ဖွားမြင်တော်မူခြင်း၊ သစ္စာလေးပါး သိမြင်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း ဟူသည့် နေ့ထူးနေ့မြတ်တို့သည် ကဆုန်လပြည့်နေ့တွင်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရက်ကောင်းရက်မြတ်တို့သည် မြတ်ဗုဒ္ဓနှင့်သာ သက်ဆိုင်သည့်အတွက် အားလုံးကိုပေါင်းစု၍ အထွတ်အမြတ်ပြုကာ "ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့" ဟု သတ်မှတ်ခေါ်ဝေါ်ပူဇော်ကြသည်။ သီရိလင်္ကာနိုင်ငံတွင် ကဆုန်လပြည့်နေ့ကို ဗုဒ္ဓပူဇနီယသဘင်ဟုခေါ်ဆို၍ ပူဇော်ပွဲများကျင်းပကြသည်။ အိန္ဒိယနိုင်ငံ ပြည်နယ်အချို့တွင် ဗုဒ္ဓပရိနိဗ္ဗာန်စံဝင်တော်မူသည်ကိုရည်စူး၍ မဟာပရိနိဗ္ဗာန်သဘင် ကျင်းပပူဇော်ကြသည်။ ကဆုန်လပြည့်နေ့သည် ဝိသာခါနက္ခတ်နှင့်ယှဉ်သည့်အတွက် နက္ခတ်အားသန်သူတို့က ဗုဒ္ဓဖွားမြင်တော်မူသည့်နေ့ကို ဝိသာခါဒေးဟု သတ်မှတ်ပူဇော်ကြသည်။ မလေးရှားနိုင်ငံကလည်း "၂၆၀၀ ပြည့် ဗုဒ္ဓနေ့"ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့သည်။ မလေးရှားအစိုးရက နှစ်စဉ် ကဆုန်လပြည့်နေ့ကို ဂဇက်ဝင်ဗုဒ္ဓနေ့ အဖြစ်သတ်မှတ်ပူဇော်စေသည်။

မည်သို့ပင်ပြုလုပ်ကြသည်ဖြစ်စေ ကဆုန်လပြည့်နေ့နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင်သာမက အခြား ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့်နိုင်ငံများ၊ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတန်ဖိုးထားသည့် အဖွဲ့အစည်းများအားလုံးက ပူဇော်ပွဲများကျင်းပကြသည်။ ယနေ့ကာလတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် မြတ်ဗုဒ္ဓသည် ကမ္ဘာ့အလင်း ဆောင်ပုဂ္ဂိုလ်မြတ်နှင့်ဘဝလမ်းပြမြတ်ဓမ္မအဖြစ် အသိဉာဏ်မြင့်သူတို့သိရှိကြပြီး အထူးပူဇော်ဂုဏ်ပြုကြသည်။ ဤနေ့ဤရက်တွင် အထူးအားဖြင့် ပရိဘောဂစေတီ၊ ဥဒ္ဒိသစေတီ၊ ဓာတုစေတီဟူသည့် စေတီသုံးမျိုးတွင် ဗောဓိပင်သည် ပရိဘောဂစေတီ မည်သည်။ ဘုရားရှင်တို့ အသုံးပြုတော်မူသော ဗောဓိပင်မြတ်သည် "ငါဘုရား သက်တော်ထင်ရှားရှိစဉ်ပင် စေတီတော်မည်၏"မိန့်တော်မူထားသည်။ ထို့ကြောင့် ဗောဓိပင်သည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်အလား ဤနေ့ဤရက်၌ ရေစင်သွန်းလောင်း ပူဇော်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ကဆုန်လပြည့် ဗုဒ္ဓနေ့သည် မြတ်ဗုဒ္ဓ၏ ထူးခြားသောဖြစ်တော်စဉ်များ ပေါင်းစုထားသည်ကို စိတ်ဝယ်ကြည်နူးအာရုံပြု၍ ကောင်းမှုအထူးပြုလုပ်ကြရမည် ဖြစ်သလို မြတ်ဗုဒ္ဓ၏စေတီထိုက်သည့် ပရိဘောဂစေတီ မဟာဗောဓိရွှေညောင်ပင်တွင် ရေစင်သွန်းလောင်းပူဇော်ပြီး "ကျက်သရေတော်များသခင် ဗုဒ္ဓဘုရားရှင်၏ အောင်ပွဲသဘင်တည်း။ မာရ်နတ်ကို အောင်ပွဲခံသည့် ကဆုန်လပြည့်နေ့တွင် နတ်ဗြဟ္မာအပေါင်းတို့ ဗောဓိမဏ္ဍိုင် ကုန်းတော်တွင် စုရုံးကြ၍ ဘုရားရှင်၏အောင်ပွဲတော်ကြီးဟု ဝမ်းမြောက်ဝမ်းသာ ချီးကျူးကြွေးကြော်ကြပါစို့" ဟု ကလျာဏပုထုဇဉ်အပေါင်းတို့အား အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက်ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၂၉-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၀၁၇,၁၀၈.၀၈ | ၃,၆၆၄,၁၂၀.၀၀ | ၁၉၁,၇၈၂,၂၄၁.၇၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၆,၂၀၁,၁၄၉.၁၂ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၉၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၃ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စားသုံးကုန်စည်ကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၆.၂၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၉ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၃,၀၀၀ | ၄၆၅ | ၆,၀၉၅,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၂၀၀ | ၈၃၁ | ၅,၁၅၃,၉၀၀ |
| MCB | ၉,၆၀၀ | ၉,၆၀၀ | ၆၉၉ | ၆,၇၁၀,၄၀၀ |
| FPB | ၄,၀၀၀ | ၄,၁၀၀ | ၁,၁၈၁ | ၄,၈၄၁,၆၀၀ |
| TMH | ၃,၁၀၀ | ၃,၁၀၀ | ၉၂ | ၂၈၅,၂၀၀ |
| EFR | ၁,၈၅၀ | ၁,၈၀၀ | ၆,၄၁၄ | ၁၁,၅၅၀,၂၅၀ |
| AMATA | ၄,၀၀၀ | ၄,၀၀၀ | ၁၁ | ၄၄,၀၀၀ |
| MAEX | ၄,၀၀၀ | ၄,၀၀၀ | ၃,၇၆၂ | ၁၅,၀၄၈,၀၀၀ |
| MADPL(PLB) | ၃,၄၀၀ | ၃,၄၀၀ | ၂၀၅ | ၆၉၇,၀၀၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၈,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ
စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၃၈ / ၂၀၂၆ )**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**
**( ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် )**

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၃၂ အရ ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်အမှတ်(၁)မှ လစ်လပ်သွားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမြင့်ကြိုင် [၉/မနမ(နိုင်)၀၈၉၅၄၆] ကိုယ်စားလှယ်အမှတ်(၇) အစား သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ ဦးပြုံးချို [ ၁၄/မမန(နိုင်)၀၀၉၈၀၄ ]အား အစားထိုး ဖြည့်စွက်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၀ / ၂၀၂၆ )**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**
**( ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် )**

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ – ၂ – ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် –

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၁၆၆၇ | အစား | ကြည်း ၃၃၁၃၅ |
| ဗိုလ်မှူးကြီး သိန်းဇော်မြင့် | | ဗိုလ်မှူးကြီး ရန်ကြီးအောင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၉ / ၂၀၂၆ )**
**၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်**
**( ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် )**

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာခြင်း

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာနိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည် –

**(၁) ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဒေါ်နန်းနီနီအေး | အစား | ဦးအောင်မြင့်သိန်း |
| ၃/ဘအန(နိုင်)၀၁၃၈၂၆ | | ၃/ကကရ(နိုင်)၀၁၀၅၃၈ |
| ဘားအံမြို့နယ် | | ဘားအံမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**(၂) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် ( ၁ )**

| | | |
|---|---|---|
| ဦးထင်ကျော်သူ | အစား | ဦးအောင်ပြည့်ဖြိုး |
| ၁၂/လကန(နိုင်)၀၂၂၂၀၂ | | ၁၂/သကတ(နိုင်)၁၄၂၁၆၃ |
| မရမ်းကုန်းမြို့နယ် | | မရမ်းကုန်းမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ ရက်(၁၀၀) စီမံချက်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့၏ ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များပါဝင်ကြောင်း၊ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟူသော မူဝါဒကို ချမှတ်ထားကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒ၏ အဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျ သိရှိနားလည်ထားကြရန်နှင့် ယင်းမူဝါဒအပေါ်တွင် ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဆိုသည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဟန်ချက်ညီဖြစ်စေရေး၊ အာဆီယံအဖွဲ့နှင့် မိတ်ဖက်ဆက်ဆံရေး၊ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ကမ္ဘာ့ပေါင်းစုံတွင် ဆက်ဆံရေးတိုးမြှင့်ရေး ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၏ အဓိကလမ်းညွှန်ချက်များအဖြစ် ရက် (၁၀၀) စီမံကိန်းတွင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်နိုင်သည့်နေရာမှ ပါဝင်အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စက်မှုကဏ္ဍ MSME ဖွံ့ဖြိုးအောင်ဆောင်ရွက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည် မြှင့်မားရေး၊ နိုင်ငံသားများ ဥပဒေအကာအကွယ်ရရှိရေး စသည့်ကဏ္ဍအသီးသီးတွင်လည်း လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ထမ်းများအနေဖြင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များဖြစ်သော တည်ငြိမ်အေးချမ်းမှု မရှိသေးသည့် နယ်စပ်ဒေသများမှ တိုင်းရင်းသားများအား ဥပဒေဘောင်အတွင်း နေထိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး၊ ကုန်ထုတ်လုပ်မှု မြှင့်တင်၍ ပို့ကုန်တိုးမြှင့်နိုင်ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလယ်ယာ စိုက်ပျိုးရေးမှ ကုန်ချောများကို ပြည်ပသို့ တင်ပို့နိုင်ရေးစသည့် လမ်းညွှန်မှုများအပေါ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အခြားဝန်ကြီးဌာနများနှင့် ဆက်စပ်၍ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့၏ ရက် (၁၀၀) စီမံချက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်သွားသင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကာ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*** ရှေ့ဖုံးမှ**

ဦးစွာ အဆိုပါစက်ရုံရှေ့ ဖွင့်ပွဲမုခ်ဦးနေရာ၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် Asia World Co., Ltd.မှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုပြီးစီးသည့် စီမံကိန်း နှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စု ပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်ဆဲ ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ပြီးမြောက်မည်ဖြစ်ကြောင်း၊ စက်ရုံအမြန်ပြီးစီးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဓာတ်အားပေးစက်ရုံ ကမ္ဘည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်အတွက် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်နေသည့် စီမံကိန်းများသည် နှောင့်နှေးကြန့်ကြာမှုများရှိနေပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်လျက်ရှိသည့် စက်ရုံများအနက်မှ အချို့သည်လည်း ဖျက်ဆီးမှုများခံခဲ့ရသည့်အတွက် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိပါကြောင်း၊ ပို့လွှတ်မှုအပိုင်းတွင်လည်း ဝေးလံသည့် ခရီးတစ်လျှောက် ပို့လွှတ်ရသဖြင့် ဓာတ်အားများ လျော့နည်းဆုံးရှုံးသကဲ့သို့ သဘာဝဘေးဒဏ်နှင့် လူတို့၏ ဖျက်ဆီးခြင်းခံရသဖြင့် အချို့ဓာတ်အားလိုင်းကြီးများ ပျက်စီးလျက်ရှိပါကြောင်း၊ ယင်းအတွက်ကြောင့် ကောင်းမွန်သည့် ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများ ထမ်းဆောင်နေရသဖြင့် မကြာခဏ System Break Down ဖြစ်၍ ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဖြန့်ဖြူးသည့် နည်းစနစ်၏ အားနည်းမှုနှင့် မသမာမှုများကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများ ရှိနေပါကြောင်း၊ ယင်းသို့အားနည်းချက်များ ရှိနေသည့်အတွက် ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဓာတ်အားကို မျှဝေသုံးစွဲနေရပါကြောင်း၊ ယင်းသို့ လျှပ်စစ်ဓာတ်အားစနစ်၏ အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖြန့်ဖြူးရေးအပိုင်းတွင် ဖြစ်ပေါ်နေသည့် အားနည်းချက်များကိုလည်း နည်းပညာဖြင့် ထိန်းကျောင်းခြင်း အပါအဝင် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက စက်ရုံများ တည်ဆောက်ခဲ့မှု Documentary Movie ကို ကြည့်ရှုပြီး ဓာတ်အားပေးစက်ရုံ ဧရိယာအတွင်း လှည့်လည်စစ်ဆေးကာ ရှုရပ်မှနေ၍ ဆိုလာများ တပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရွှေစွမ်းအင် ကုမ္ပဏီလီမိတက်မှ ထပ်မံအကောင်အထည်ဖော် တည်ဆောက်လျက်ရှိသော ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်း တည်ဆောက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာ သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိ

**နေပြည်တော် ဧပြီ ၂၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာစီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်ပမှ စွမ်းအင်သွင်းကုန်များ လျှော့ချပြီး ပြည်တွင်းစွမ်းအင် အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာကိစ္စရပ်များကို ရေတို/ရေရှည် အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်တွင်းတွင် ရေနံထွက်ပစ္စည်းများကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန် ခေတ်မီရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်း၊ ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်



ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ အထွက်တိုးလုပ်ငန်းများ ဆောင်ရွက်စေခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မအူပင်(တောင်)ရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၁၄)မှ ပါးလွှာသဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာမှ ယမန်နေ့တွင် သဘာဝဓာတ်ငွေ့ ကုဗပေ နှစ်သန်းခန့် ထုတ်လုပ်နိုင်ခဲ့သည်။ လက်ရှိတိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များအား ရန်ကုန်မြို့ရှိ ရွာမသဘာဝဓာတ်ငွေ့ ထိန်းဖြန့်စခန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး ဖြန့်ဖြူးပေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အဖျောက်၊ မအူပင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ပါးလွှာသဲကြောများကို သုတေသနပြု ဆန်းစစ်ပြီး ထုတ်လုပ်ရရှိသည့် သဘာဝဓာတ်ငွေ့များကို ရန်ကုန်မြို့ရှိ CNG သုံး မော်တော်ယာဉ်များ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ စက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍတို့တွင် ဖြန့်ဖြူးသုံးစွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းတနော်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ပန်းတနော် ဧပြီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဆုတောင်းပြည့်ကျေးရွာအုပ်စု၌ ဧပြီ ၂၈ ရက်က ပြည်သူ့အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းသန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကျင်စံ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူးဒေါ်နွယ်နီစိုး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူး ဦးသက်ဦးတို့က မြေပြင်အရောက်ကွင်းဆင်း၍ အသက် ၁၈ နှစ်ပြည့်လဲလှယ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ပျက်နေသူများနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်လိုသည့် အသက် ၁၀ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်ပေးခဲ့ပြီး ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နှစ်ဆယ်ရာစု အထူးခြားဆုံးသော ဆဋ္ဌသင်္ဂါယနာမော်ကွန်း

မောင်လူမွှေး(မြန်မာမှု)

**❋ သာသနာတော် ၂၅၀၀ ပြည့် ဆဋ္ဌသင်္ဂါယနာတင်သောပွဲကြီးကား မြန်မာသာမက ဗုဒ္ဓဘာသာနှင့်ချီ၍ပြောရပါမူ ကမ္ဘာတွင်ထင်ရှားခဲ့သော ပွဲကြီးဖြစ်ပါသည်။ ထိုအကြောင်းအရာကိုရေးဖွဲ့ခဲ့သော မော်ကွန်းကြီးတစ်စောင်ရှိ**

**❋ ၂၀ ရာစု တစ်ဝက်ကျိုးကာလ ပေါ်ပေါက်ခဲ့သော ထူးခြားကောင်းမွန်လှသည့်မော်ကွန်းကြီးမှာ သာသနာ့အလင်းရောင် ဦးဖေမြင့်ရေးဖွဲ့သည့် ဆဋ္ဌသင်္ဂါယနာမော်ကွန်း ဖြစ်ပေသည်။ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆဋ္ဌသင်္ဂါယနာအောင်ပွဲသဘင်နှင့် သာသနာ ၂၅၀၀ ပြည့် အထိမ်းအမှတ်ထုတ်ဝေခဲ့**

**❋ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ပါဠိမြန်မာပညာရှင် ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောစက မေဓာဝီဆရာဆိုင်ကတည်းဖြတ်၍ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ ပါဠိဆရာကြီး ဦးထွန်းသိန်းက ကြီးကြပ်သည်။ ဣစ္ဆာသရ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့**

**မော်ကွန်းစာပေ**

မော်ကွန်းစာအလင်္ကာဆိုသည်မှာ နောင်လာ နောက်သားများ အစဉ်အဆက်မှတ်သားနိုင်စေရန် ထိုခေတ်ထိုကာလအတွင်း မျက်မြင်ကြားသိရ တွေ့ဆုံခဲ့ရသော ကိစ္စရပ်များကို မှတ်တမ်းတင် ရေးသားထားသော စာပေအမျိုးအစားဖြစ်ပေ သည်။

စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး၊ ဘာသာရေးစသည့် အကြောင်းအရာများအလိုက်ကို စာဆိုက ရေးဖွဲ့ခြင်းဖြစ်သည်။

အထူးဝိသေသအနေနှင့်ကား မော်ကွန်းကို မင်းနှင့်ဆက်စပ်သော ထူးခြားထင်ရှားသော အကြောင်းအရာ ဖြစ်ရပ်များကိုသာ ရေးဖွဲ့ကြမြဲ ဖြစ်ပြန်သည်။ မော်ကွန်းစာပေများထဲတွင် ထင်ရှား သော မော်ကွန်းများမှာ–

- ❖ ရွှေနန်းတည်မော်ကွန်း(ရှင်မဟာသီလဝံသ)
- ❖ တန်တားဦးတည် မင်္ဂလာမော်ကွန်း (ရှင်မဟာရဋ္ဌသာရ)
- ❖ ပုံတောင်နိုင်မော်ကွန်း (ရှင်မဟာရဋ္ဌသာရ)
- ❖ ရတနာပြောင် မွန်ဆင်တော်မော်ကွန်း (ရှင်သံခို)
- ❖ နိဗ္ဗာနပစ္စဆင်တော်မော်ကွန်း (လက်ဝဲသုန္ဒရ ဦးမြတ်စံ)
- ❖ ပြည်စုန်မော်ကွန်း(ရှင်ထွေးညို)
- ❖ မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း (ဝက်မစွတ်မြို့စား ဒုတိယနဝဒေး)
- ❖ တရုတ်သံရောက်မော်ကွန်း (ဝက်မစွတ် မြို့စား ဒုတိယနဝဒေး)
- ❖ ရတနာနဒီမော်ကွန်း(စလေဦးပုည)

တို့ဖြစ်ပေသည်။

အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိတိုင် မော်ကွန်းစာဆို ၆၂ ဦးနှင့် မော်ကွန်းစောင်ရေ ၁၂၃ စောင်ကိုတွေ့ရကြောင်း မော်ကွန်းသုတေသီကျမ်းပြု ဦးစောလွင် (လွင်မြန်မာ- မန်းတက္ကသိုလ်) ၏ မှတ်တမ်းကို တွေ့ရပါသည်။

အချို့သော မော်ကွန်းများမှာ စာဆိုအမည် မထင်ရှားပေ။ ပေမူကူးရာတွင် အမည်မသိစာဆိုဟု ထည့်ရသည့် မော်ကွန်းများရှိပေသည်။

ကုန်းဘောင်ခေတ်နှောင်းနှင့် လွတ်လပ်ရေး ရပြီးစထိ မှတ်တမ်းတင်မော်ကွန်းစာဆို နှစ်ဦးမှာ ပုဂံဝန်ထောက်ဦးတင်(၁၂၂၃-၁၂၉၅)နှင့် အဂ္ဂမဟာ ပဏ္ဍိတ ဦးလင်း(၁၂၃၆-၁၃၁၆) ဟူ၍ နှစ်ဦးရှိခဲ့ပေ သည်။

ဆရာကြီးဦးတင်က တရားမွန်မော်ကွန်း၊ ဘုန်းတော်မော်ကွန်း၊ အာဏာပါဏာမော်ကွန်းတို့ ကို ရေးဖွဲ့ခဲ့သည်။ ဆရာကြီးဦးလင်းကမူ ရွှေတိဂုံ စေတီတော် စိန်ဖူးတော်တင် မော်ကွန်း ဖြစ်ပေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မော်ကွန်းစာ များတွင် သာသနိကအဆောက်အအုံဆိုင်ရာများကို အကြောင်းပြု၍ ရေးဖွဲ့ကြသည်များရှိပါ၏။ သို့သော် ကိုယ့်အရပ်ကိုယ့်ဇာတ်ဆိုသလိုပင် သာမန်သာဖြစ် ကြသည်။ တော်ဝင်ဂန္ထဝင်မြောက်မော်ကွန်းအဖြစ် မသတ်မှတ်နိုင်ပေ။

သာသနာတော် ၂၅၀၀ ပြည့် ဆဋ္ဌသင်္ဂါယ နာတင်သော ပွဲကြီးကား မြန်မာသာမက ဗုဒ္ဓဘာသာ နှင့်ချီ၍ ပြောရပါမူ ကမ္ဘာတွင်ထင်ရှားခဲ့သော ပွဲကြီး ဖြစ်ပါသည်။ ထိုအကြောင်းအရာကို ရေးဖွဲ့ခဲ့သော မော်ကွန်းကြီးတစ်စောင်ရှိပေသည်။

၂၀ ရာစု တစ်ဝက်ကျိုးကာလ ပေါ်ပေါက်ခဲ့သော ထူးခြားကောင်းမွန်လှသည့် မော်ကွန်းကြီးမှာ သာသနာ့အလင်းရောင် ဦးဖေမြင့်ရေးဖွဲ့သည့် ဆဋ္ဌသင်္ဂါယနာမော်ကွန်းဖြစ်ပေသည်။ ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဆဋ္ဌသင်္ဂါယနာအောင်ပွဲသဘင်နှင့် သာသနာ ၂၅၀၀ ပြည့်အထိမ်းအမှတ် ထုတ်ဝေခဲ့ သည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ပါဠိမြန်မာပညာရှင် ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောစက မေဓာဝီဆရာဆိုင်က တည်းဖြတ်၍ သာသနာ့ဓဇ သီရိပဝရ ဓမ္မာစရိယ ပါဠိဆရာကြီး ဦးထွန်းသိန်းက ကြီးကြပ်သည်။ ဣစ္ဆာသရ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ပေသည်။

**မော်ကွန်းပါ အကြောင်းအရာမှာ–**

(၁) ဘုရားလောင်း သုမေဓာဘဝ နိယတ ဗျာဒိတ်ခံယူသည်မှစ၍ ဗုဒ္ဓပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ပထမပိုင်း၊

(၂) ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ပထမ သင်္ဂါယနာမှ စတုတ္ထသင်္ဂါယနာအထိ ဒုတိယပိုင်း၊

(၃) မြန်မာနိုင်ငံတော် ရှေ့အစဉ်အဆက် မင်းဆက်မင်းစဉ်မှစတင်၍ ပဉ္စမသင်္ဂါ ယနာအထိ တတိယပိုင်း၊

(၄) ပါတော်မူပြီးနောက် ကိုလိုနီခေတ်မှသည် လွတ်လပ်ရေးရပြီး ဆဋ္ဌသင်္ဂါယနာ ပြီးမြောက်သည်အထိ စတုတ္ထပိုင်းဟူ၍ အပိုင်း(၄)ပိုင်းကို ရေးဖွဲ့ထားလေသည်။

ထိုသို့ သင်္ဂါယနာသမိုင်းကြောင်းများကို သီကုံးရာ၌ ပိဋကတ်တော်မှသည် မဟာဝန်၊ သာသနာဝန်၊ ရာဇဝင်၊ သမိုင်းစဉ်များကို အချက် အလက်ပေါင်းများစွာဖြင့် ဖော်ပြထားလေသည်။

မော်ကွန်းစာအုပ်အမှာစာ (အနုမောဒနာ ကထာ)ကို တိပိဋကဓမ္မဘဏ္ဍာဂါရိက ဦးဝိစိတ္တ သာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီးက ရေးသားထားလေသည်။

စာအုပ်၏ ထူးခြားချက်မှာမာတိကာကိုဖော်ပြရာ ၌ ပျို့လင်္ကာသွားဖြင့် ရေးသားထားခြင်းဖြစ်ပေ သည်။

စာရေးသူလေ့လာမိသလောက် ခေတ်အဆက် ဆက် ပျို့၊ လင်္ကာ၊ ချောင်း၊ မော်ကွန်း၊ ရတုအစုစုတို့ ၏ မာတိကာစဉ်များသည် ဤဆဋ္ဌသင်္ဂါယနာ မော်ကွန်းပါ နိဒါန်းကဲ့သို့ လင်္ကာစဉ်နှင့် ရေးသားထား ချက်ကို ယနေ့တိုင် မတွေ့သေးဖူးပေ။

သာဓကပြုရပါက ဘုရားလောင်း ဗျာဒိတ်ယူခဲ့ သည်မှသည် ပါရမီအဆင့်ဆင့် ဖြည့်ကျင့်တော်မူ၍ ဘဒ္ဒကမ္ဘာတွင် ဂေါတမဘုရားရှင်အဖြစ် ပွင့်ထွန်း လာကာ ပရိနိဗ္ဗာန်ပြုပြီး အဇာတသတ်မင်း ပထမ သင်္ဂါယနာတင်သည်အထိကို–

(၁) နိယာတဗျာဒိတ်၊ စာမျက်နှာ ၁
အောင်ဘိသိက်ခံ....

(၂) စံနေမွေ့လျော်၊ စာမျက်နှာ ၂
နတ်နန်းပျော်ခဲ့...

(၃) မယ်တော်ကြာနန်း၊ စာမျက်နှာ ၃
သန္ဓေမြန်းလျက်.......

(၄) ဘုန်းပန်းဘွားမြင်၊ စာမျက်နှာ ၄
သိဒ္ဓက်တွင်၍........

(၅) ရှုမြင်နိမိတ်၊ စာမျက်နှာ ၆
သံဝေစိတ်ဖြင့်....

စသည်ဖြင့် မာတိကာစဉ် (၁၅)ခုဖြင့် ဖော်ပြထားပေ သည်။

သာသနာ ၂၅၀၀ အတွင်း ခေတ်အဆက်ဆက် ဗုဒ္ဓဝင်၊ သာသနာဝင်၊ ဒီပဝင်၊ ရာဇဝင်၊ သမိုင်းစဉ်များ ဖြင့် မာတိကာစဉ်အောက်တွင် အကျယ်တဝင့် ရေးဖွဲ့ထားပေသည်။

၃၃။ မန္တလာဇေယျ၊ စာမျက်နှာ ၄၅
ဘုန်းရောင်ခ၍.....

၃၄။ ပဉ္စမသံဂါ၊ စာမျက်နှာ ၄၆
ဒါယကာတည့်....

၃၅။ မြန်မာပြည်ဝယ်၊ စာမျက်နှာ ၄၇
သီပေါကွယ်သော်.....

၃၆။ သွယ်သွယ်ပါပ၊ စာမျက်နှာ ၄၉
ယှဉ်ပြိုင်ကြ၍....

၃၇။ မြန်မာ့ဂျာပန်၊ စာမျက်နှာ ၅၀
ပူးပေါင်းပြန်လည်း.....

စသည်ဖြင့် မာတိကာစဉ်ကို ဖော်ပြရာ ကိုလိုနီခေတ် ဇာတိမာန်တက်ကြွသော အမျိုးသားရေးသမားများ (conservative)က ဦးဆောင်၍ သခင်အသင်းများ ဖွဲ့ကြပုံ၊ ရဲဘော်သုံးကျိပ်ပေါ်ပေါက်လာပုံ၊ ဒေါ်မန်စမစ်၊ နေသူရိန်အစည်းအဝေးပွဲကြီး၊ ဖဆပလအဖွဲ့ချုပ်၊ ဆာဟူးဘရန့်၊ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆို မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲမှု၊ နု-အက်တလီ စာချုပ် ချုပ်ဆိုမှု၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှု၊ လွတ်လပ်ရေးရရှိမှုစသည်များကို မာတိကာစဉ် ၃၇ မှ ၄၁ ကြားတွင်ရေးဖွဲ့သွားရာ လွတ်လပ်ရေးသမိုင်း၊ တပ်မတော်သမိုင်း၊ အခြေပြ မြန်မာ့သမိုင်းစသည်များကို အတွဲလိုက် အတွဲလိုက် ဖတ်နေရသကဲ့သို့ ခံစားသိရှိရပေသည်။

ထိုသို့ပင် ဆဋ္ဌသင်္ဂါယနာတင်ရန် ဖြစ်ပေါ်လာ သော ဂမ္ဘီရဆန်ဆန်ဖြစ်ရပ်များ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဦးဆောင်သောအစိုးရအဖွဲ့များ၊ ဆာဦးသွင်၊ ချပ်သင်းသဍေး၊ ဟသ်ာတဦးမြ၊ ဝန်ကြီး ဦးဘဂျမ်း၊ တရားရေးချုပ် ဦးချန်ထွန်း၊ သီရိပျံချီ ဦးသန်းစိန်၊ ဦးလှကျော်၊ သာသနာရေးဆိုင်ရာ ဦးဝင်း၊ ဦးပွင့်ကောင်း၊ ဝန်ကြီးချုပ် ဦးနု၏ ဇနီးဒေါ်မြရီ စသည် တို့ကို အကြောင်းအရာအလိုက် ကာရန်မိမိ အနက် အဓိပ္ပာယ်ရှိရှိ ရေးစပ်ထားရာ စကားပြေကိုဖတ်နေရ သကဲ့သို့ ပြေပြစ်လှပေသည်။

ထိုခေတ် ဗုဒ္ဓသာသနနုဂ္ဂဟအသင်းမှသည် သာသနာရေးအဖွဲ့အစည်း၊ ပါဠိပထမပြန် အက်ဥပဒေ ပြဋ္ဌာန်းမှု၊ သာသနာရေးဝန်ကြီးဌာန ဖြစ်ပေါ်လာပုံ၊ မဟာစည်ဆရာတော်၊ မင်းကွန်းဆရာတော်၊ ထေရဝါဒ(၅) နိုင်ငံအပြင် အခြားနိုင်ငံများမှလည်း ရဟန်းတော်များကို ပင့်ဆောင်ပုံ၊ ပိဋကတ်တော်များ ကို ပဉ္စမသင်္ဂါယနာတင်ကျောက်စာတော်မူများနှင့် တိုက်ဆိုင်ပုံ၊ သံဃာတော်များ ရာဇနံအနုဝတ္တိတုံ ဆိုသည့်အတိုင်း ပိန္နဲရောင်သင်္ကန်း အရောင်တူ ဝတ်ဆင်ကြပုံစသည်များဖြင့် ရေးဖွဲ့ထားလေသည်။

ပျို့၊ ချောင်း၊ မော်ကွန်း၊ လင်္ကာတို့တွင် ထိုအချိန် တွင် ကျရောက်သော ဂြိုဟ်၊ လ၊ နက္ခတ်တာရာ၊ ရာသီ၊ ဘာဝ၊ တြင်း၊ နဝင်း၊ တိထိ၊ စန်းယှဉ်စသည့် ရာသီခွင်များကိုလည်း ပန္နက်တင်မင်္ဂလာအခါတော်၊ အုတ်မြစ်ချမင်္ဂလာအခါတော် စသည်တို့ကို ဝေဒပညာသုတေသီများ လေ့လာလိုက်စား၍ မကုန်ရှိလှပါသည်။

....... သာသနာ၌ မြန်မာ့ကျက်သရေ၊
ခေတ်ဟောင်းဖွေလျက်၊ ထွေထွေဒေါ်သ၊
ကင်းစင်ပါသည့်၊ ရသ, ဂုဏ်မြောက် မော်ကွန်း
ဆောက်၍ ပြီးမြောက်နိဂုံး၊ ကမ္ပတ်ဖုံးလျက်၊
စဆုံးကြိုင်လှိုင်၊ ဖူးညွန့်ဆိုင်သည်။ ။ ကြံ့ခိုင်
နေ့,လ, တမျှတည်း။ မြန်မာ့စကားပြေ၊
ဖူးညွန့်ဝေလျက်၊ ထူးထွေပြန့်ပြော၊
လွန်ကျော်ဇော်သည့်၊ "ဦးဩဘာသ",
မြတ်ထေရ်ရှ၏။ နွယ်မှဆင့်ကူး၊ မြို့မင်းဘူး
လျှင်၊ တင့်ထူးဇာတိ၊ ဘွားရာရှိသား၊ နှံ့သိနာမ၊
သဘာဝကို၊ သတ္တာမမြောက် သရ, နောက်၌၊
ဆိုက်ရောက် ပဝဂ်.......

စသည်ဖြင့် နိဂုံးချုပ်ထားရာ ပဟေဠိတစ်ခု ဖြစ်နေ ပေသည်။

စာဆို၏ မော်ကွန်းစာအုပ်မာတိကာစဉ် ပိုဒ်ရေ မှာ နဝင်းကျေပိုဒ်ရေ ကိုးဆယ်ရှိသည်။ အချို့စာပိုဒ် များ၏ အောက်ခြေမှတ်စုများကို ပြထားသည်လည်း ရှိပေသည်။

ထိုဆဋ္ဌသင်္ဂါယနာတင်မော်ကွန်းမှာ ယခုအချိန် တွင် လူသိနည်းလေပြီး ရှားပါးစာအုပ် စာရင်းဝင်ဖြစ် သည်။ ၂၀၂၆ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ဆဋ္ဌသင်္ဂါ ယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့်အထိမ်းအမှတ် ကျင်းပနိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဩဝါဒါစရိယသောဠသမ ရွှေကျင် သာသနာပိုင် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တညာဏိ သာရက တစ်ချိန်က မဂိုလမ်းထိပ်ပလက်ဖောင်း၌ ငွေ (၂)ကျပ်ဖြင့် ဝယ်ခဲ့သော စာအုပ်အကြောင်းကို မိန့်၍ ထိုစာအုပ်ကို ပြန်လည်ရိုက်နှိပ်ရန်လိုကြောင်း မိန့်မှာကြားခဲ့သည်။

ဤသည်ကို သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အကြိုညှိနှိုင်း အစည်းဝေးတွင် စာမူကို ပြန်လည်ရိုက်နှိပ်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤဆောင်းပါးကို ဆဋ္ဌသင်္ဂါ ယနာတင်အောင်ပွဲ နှစ် (၇၀) ပြည့် အထိမ်းအမှတ် ပွဲကို ဂုဏ်ပြု၍ ရေးသားတင်ပြအပ်ပါသည်။ အုပ်ရေ ၂၅၀၀ ရိုက်နှိပ်မည်ဖြစ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေသွားမည်ဖြစ် ပါသည်။

# ဒီဂျစ်တယ်နည်းပညာနှင့် AI နည်းပညာ အသုံးချမှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူဆောင်ရွက်နေရန် လိုအပ်

နေပြည်တော် မေ ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့က ဇီဝနည်းပညာသုတေသနဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဇီဝနည်းပညာသုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးဆောင်ရွက်နေမှုများ၊ နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု သုတေသနဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာနှင့်သုတေသန ပူးပေါင်းဆောင်ရွက်နေမှုများနှင့်အခြေခံအဆောက်အအုံ လိုအပ်ချက်များကိုဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဇီဝနည်းပညာသည် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့နှင့် ဆက်စပ်လျက်ရှိပြီး နိုင်ငံတကာတွင်လည်း အလေးထား လုပ်ဆောင်လျက်ရှိပါကြောင်းနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအသီးသီးအလိုက် တာဝန်ခံဆောင်ရွက်နေသော အဖွဲ့အစည်းများကို အထောက်အပံ့ဖြစ်စေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်နည်းပညာနှင့် AI နည်းပညာအသုံးချမှုများကို စဉ်ဆက်မပြတ်လေ့လာသင်ယူဆောင်ရွက်နေရန် လိုအပ်ပါကြောင်း မှာကြားပြီး ခင်းကျင်းပြသထားသောသုတေသနလုပ်ငန်းများ၊ လက်တွေ့ခန်းများနှင့် စိုက်ပျိုးရေးမြေဆီလွှာ လက်တွေ့ဆန်းစစ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)ရှိ ငလျင်ဒဏ်သင့် ပင်မဆောင်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ဖြိုဖျက်ဆောင်ရွက်နေမှုများ၊ စကေးကိုက် အကွက်ချပုံစံပေါ်မူတည်၍ အဆောက်အအုံများ တည်ဆောက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေး၍ အဆောက်အအုံအသစ်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရာတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော Design Structure များဖြင့် ဆောင်ရွက်ရန်နှင့် နောင်အနာဂတ်တွင် ဖြည့်ဆည်းရမည့် လိုအပ်ချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မိတ္ထီလာ) နှင့် မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(ရမည်းသင်း) သို့သွားရောက်၍ ငလျင်ဒဏ်သင့် အဆောက်အအုံ ဖြိုဖျက်နေမှုများ၊ စာသင်ခန်း၊ လက်တွေ့ခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ စကေးကိုက် အကွက်ချပုံစံအပေါ် မူတည်၍ ဘောလုံးကွင်းများ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာ နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ၂၀၂၆ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် မေ ၂၉

ထိုင်းနိုင်ငံအစိုးရ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E .Mr. Pattana Promphat ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Eastin Grand Hotel Phayathai တွင် မေ ၂၈ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာ ညီလာခံသို့ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




ညီလာခံသို့ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာန အတွင်းဝန်များ၊ ကျန်းမာရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ World Hepatitis Alliance မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံးမှဒေသဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော အသည်းအထူးကု ဆေးပညာရှင်များ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် Elimination for Everyone, Everywhere, Right Now! ဆောင်ပုဒ်နှင့်အညီ ကျင်းပသော ယနေ့အခမ်းအနားသည် အသည်းရောင်ရောဂါ တိုက်ဖျက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျ မကျန်ရစ်စေရေး မြန်မာနိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်များနှင့်လည်း များစွာ တူညီမှုရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ အသည်းရောင်ရောဂါ ကင်းဝေးရေး ပန်းတိုင်ရရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရေးနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage–UHC) ရရှိစေရေး အခြေခံလိုအပ်ချက်ဖြစ်သည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ အသည်းရောင်ရောဂါကာကွယ်၊ ကုသမှုလုပ်ငန်းများတွင် အောင်မြင်တိုးတက်မှုများအနေဖြင့် အခမဲ့အသည်းရောင်ရောဂါ စီပိုးကုသမှုကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံ ၃၆ ရုံအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများကို ပြည်သူလူထုနှင့် ပိုမိုနီးကပ်စွာ ဆောင်ရွက် နိုင်ခဲ့ပါကြောင်း၊ အသည်းရောင်ရောဂါဘီကာကွယ်ဆေးကို အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်း အစီအစဉ်တွင် ထည့်သွင်းထားပြီး မွေးကင်းစကလေးငယ်တိုင်းအားလုံးကိုလည်း မွေးပြီးပြီးချင်း ထိုးနှံပေးလျက်ရှိပါကြောင်း၊ အမျိုးသားသွေးလှူဘဏ်နှင့် နိုင်ငံတစ်ဝန်းရှိ သွေးလှူဘဏ်များ အားလုံးတွင်လည်း ၂၀၁၂ ခုနှစ်မှစတင်၍ လုံခြုံစိတ်ချရသည့် သွေးလှူဒါန်းခြင်းဆိုင်ရာအစီအစဉ်ကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပြီး အသည်းရောင်ရောဂါဘီ ရောဂါဖြစ်ပွားမှုနှုန်းနှင့် အသည်းရောင်ရောဂါစီ ဖြစ်ပွားမှုနှုန်းများ တစ်နှစ်ထက်တစ်နှစ် သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

အသည်းရောင်ရောဂါ ကုသရေး ဆေးဝါးများ ပြည်တွင်း၌ ထုတ်လုပ်ရေး ဆောင်ရွက်လျက်ရှိပြီး မိခင်မှကလေးသို့ အသည်းရောင်ရောဂါများ မကူးစက်နိုင်ရေး ကာကွယ်ရေးနှင့် ပြည်သူဗဟိုပြုကျန်းမာရေး စောင့်ရှောက်မှုများ ပေးအပ်နိုင်ရေး အထူးအလေးပေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ အသည်းရောင်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများ လူတိုင်း လက်လှမ်းမီစေရေး အသည်းရောင်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာ စီမံကိန်းချမှတ်ပြီး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအသည်းရောဂါ ဖောင်ဒေးရှင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ညီလာခံမှတစ်ဆင့် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး အသည်းရောင်ရောဂါ ကာကွယ်ကုသရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်ရေး တိုက်တွန်း လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Pattana Promphat နှင့် မြန်မာ–ထိုင်း နှစ်နိုင်ငံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်နိုင်ရေး သီးခြားတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံ ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားများ၏ မျှော်မှန်းလူ့သက်တမ်း တိုးမြင့်လာစေရေး၊ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး မူဝါဒများချမှတ်၍ ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများ၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ထားဝယ်ဆေးရုံ အဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် ဆရာဝန်၊ သူနာပြုများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ပို့ချနိုင်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုစနစ်အဆင့်မြှင့်တင်ရေးနှင့် လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှု (Universal Health Coverage–UHC) ပန်းတိုင်ရရှိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍတွင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ၌ မေ ၂၉ ရက်က ရက် ၁၀၀ စီမံချက်ဖြင့် လဝကမှူး ဦးသက်နိုင်ထွန်း ခေါင်းဆောင်၍ အဖွဲ့ဝင်ငါးဦးက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကောက်ယူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

ကြေးမုံ

# အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးကျင်းပ







**နေပြည်တော် မေ ၂၉**

အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူ ဆောင်ရွက်နေသည့် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ယနေ့တွင် ကျင်းပသည့် အရှေ့အလယ်ပိုင်း ဒေသ၏ နောက်ဆုံးအခြေအနေ များနှင့်ပတ်သက်သည့် အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေးသို့ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင် တက်ရောက်ကြသည်။

အစည်းအဝေးသို့ အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံ စားရေရိက္ခာဖူလုံရေး သတင်း အချက်အလက် စနစ်အတွင်းရေး မှူးရုံးနှင့် အာဆီယံအပေါင်းသုံး အရေးပေါ်ဆန် အရန်ရိက္ခာထား ရှိရေး အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယ အထွေထွေ အတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ် များ၊ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ် များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင်ပြည်ထောင်စု ဝန်ကြီးက အရှေ့အလယ်ပိုင်း ဒေသ၏ လက်ရှိပဋိပက္ခများ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စားရေရိက္ခာဖူလုံမှုနှင့် စွမ်းအင် လုံခြုံမှုဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ နွေရာသီ စိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်လက်ကျန် စက်သုံးဆီနှင့် ဓာတ်မြေဩဇာများ အသုံးပြု ဆောင်ရွက်လျက်ရှိရာ ထုတ်လုပ်မှု ကို များစွာမထိခိုက်နိုင်သေးသော် လည်း လာမည့်မိုးရာသီ စိုက်ပျိုး ထုတ်လုပ်မှုတွင် စက်သုံးဆီနှင့် ဓာတ်မြေဩဇာ အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါ စိန်ခေါ်မှုများကို ကျော်လွှားနိုင် ရန် မြန်မာနိုင်ငံအနေဖြင့် စက်မှု လယ်ယာသုံးဆီများကို အရန် အဖြစ်ထားရှိကာ အမှန်စိုက် တောင်သူများကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရေးနှင့် အာဆီယံဒေသတွင်း နိုင်ငံများမှ စက်သုံးဆီ ကူညီပံ့ပိုးမှုရယူ၍ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးချ နိုင်ရေး စီမံဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာ လိုအပ်ချက်အတွက် အာဆီယံ နိုင်ငံများအကြား မျှတစွာခွဲဝေ ပံ့ပိုးနိုင်ရေးနှင့် အော်ဂဲနစ်သဘာဝ မြေဩဇာများ အစားထိုးအသုံးပြု နိုင်ရေး နည်းပညာဖြန့်ဖြူးမှုများ ကို အရှိန်အဟုန်မြှင့်ဆောင်ရွက် လျက်ရှိကြောင်း။

ဒေသတွင်း စားရေရိက္ခာဖူလုံမှု ကို ပိုမိုခိုင်မာစေရေး အာဆီယံ အပေါင်းသုံး အရေးပေါ်ဆန် အရန် ရိက္ခာစနစ်ကို မြှင့်တင်ရန်၊ သတင်းအချက်အလက် စနစ် မှတစ်ဆင့် အချက်အလက်မျှဝေရန် နှင့် အာဆီယံကုန်စည် ကုန်သွယ် ရေး သဘောတူညီချက်အရ ပွင့်လင်းသော ကုန်သွယ်မှုကို ဖော်ဆောင်ရန် အချက်များကို မြန်မာနိုင်ငံက ထောက်ခံပါ ကြောင်း၊ မိမိတစ်နိုင်ငံတည်း အတွက်သာမက အာဆီယံအသိုက် အဝန်းတစ်ခုလုံး စားရေရိက္ခာဖူလုံ စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများ အားလုံးနှင့် လက်တွဲပူးပေါင်း ဆောင်ရွက်ပြီး အာဆီယံနိုင်ငံများ အနေဖြင့် အာဆီယံစိတ်ဓာတ်ဖြင့် အပြန်အလှန် ပူးပေါင်းကူညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း အလေးအနက်ထား ပြောကြား သည်။

အစည်းအဝေးတွင် အရှေ့ အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေ သည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ မေ ၂၃ ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိများ အထူး အစည်းအဝေး၏ အစီရင်ခံစာကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံ လယ်ယာ စိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ အထူးအစည်းအဝေး၏ ပူးတွဲ သတင်းထုတ်ပြန်ချက်ကို အတည် ပြုခြင်းများ ဆောင်ရွက်ကြပြီး ဖိလစ်ပိုင်နိုင်ငံမှ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အာဆီယံ စားရေရိက္ခာဖူလုံမှု၊ မြေဩဇာရရှိရေး ပူးပေါင်း ဆောင်ရွက်မှု၊ ညှိနှိုင်းတုံ့ပြန်မှုများ နှင့်စပ်လျဉ်း၍ တိုးမြှင့်ဆောင်ရွက် နိုင်ရန် ဝန်ကြီးများက အမြင်ချင်း ဖလှယ်ဆွေးနွေးခြင်း၊ လက်ရှိ စားရေရိက္ခာ ဖူလုံမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ လက်ရှိ ဆောင်ရွက်နေသော နည်းလမ်း များ၊ မူဝါဒလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာကျသော တုံ့ပြန်မှု များကိုဆွေးနွေးရန် ရည်ရွယ်၍ အစည်းအဝေး ကျင်းပခြင်းဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ကြီးမြို့၌ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



**တောင်ကြီး မေ ၂၉**

(၃၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ် ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် ဖမ်းဆီးရမိသည့် မူးယစ် ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပ နိုင်ရေး ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးစိုင်းထိန်စိုးက လူငယ်များအတွက် အလွန် အန္တရာယ်များသော ထုတ်လုပ်မှု၊ သယ်ဆောင် ရောင်းဝယ်မှု၊ သုံးစွဲမှုလွယ်ကူ၍ အမြတ်အစွန်း များများရသည့် မူးယစ်ဆေးဝါးအသစ်များကို နေရာဒေသအနှံ့တွင် အများအပြားဖမ်းဆီးအရေးယူ နိုင်ခဲ့ကြောင်း၊ ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများနှင့် ဖမ်းဆီးရမိမူးယစ်ဆေးဝါး များ မီးရှို့ဖျက်ဆီးပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေး နှင့်နယ်စပ်ရေးရာဝန်ကြီး၊ အတွင်းရေးမှူး ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ က ယခင်နှစ်ကဆောင်ရွက်ခဲ့သည့် အခမ်းအနားနှင့် ယခုနှစ်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်း တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည် များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပေါင်မြို့နယ်၌ ရေသယံဇာတထိန်းသိမ်းရေးနှင့် ရေချိုတာသုံးစွဲရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပေါင် မေ ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ရေချိုတာသုံးစွဲရေး အသိပညာ ပေး ဟောပြောပွဲကို ယမန်နေ့က ဝဲပတန်ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးတွင် ကျင်းပသည်။



**အသိပညာပေး**

ဦးစွာ သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးက ရေသယံဇာတ ထိန်းသိမ်းရေးနှင့် ရေချိုတာသုံးစွဲရေး အကြောင်း အသိပညာပေး ဟောပြောဆွေးနွေး ခဲ့ပြီး တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရ သည်။

**မွန်မလေး(ပြန်/ဆက်)**

# သံဖြူဇရပ်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**သံဖြူဇရပ် မေ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သစ်တောဦးစီးဌာနက မေ ၂၈ ရက် မွန်းလွဲပိုင်းတွင် ကျုံကဒတ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ သစ်တော ထိန်းသိမ်းရေး၊ တောမီးကာကွယ် ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာ အသိပညာပေး ဟောပြော ပွဲ ပြုလုပ်သည်။



ဟောပြောပွဲတွင် ကျုံကဒတ် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမှပြည်သူများ၊ မြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးဝင်းဗိုလ်ဦး က သစ်တောထိန်းသိမ်းကာကွယ် ရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ် ဖြင့် ဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

○ ကျောဖုံးမှ



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြပြီး သင်တန်းဆင်း ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများကသင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများကို ကြွခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့်လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။





နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကိုထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီး မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

**ပထမစစ်သည်**

**(လက်ဖြောင့်တပ်သားဆုရှင်)**

ဒီပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၂၂)မှာ ရရှိခဲ့တဲ့ဆုကတော့ လက်ဖြောင့် တပ်သားဆုပဲ ဖြစ်ပါတယ်။ ကျွန်တော် ဒီဆုကို ရအောင် သင်တန်းမှာရှိတဲ့ ဆရာ ဆရာကြီးတွေ သင်ကြားပို့ချမှုကောင်းပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ကြိုးစားအားထုတ်မှုကြောင့် ဒီဆုကို ရရှိခဲ့တာဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ စပြီးတော့ သင်တန်းစတက်ခါစကတော့ ဒီသင်ခန်းစာတွေ လုပ်ရတာ ခက်ခဲပါတယ်၊ ပင်ပန်းပါတယ်။ ဒါပေမဲ့ ဒီက ဆရာ ဆရာကြီးတွေ သင်ကြားပြသပေးတဲ့ နည်းစနစ်အတိုင်း တိကျစွာလိုက်နာပြီး လုပ်ဆောင်တဲ့ အခါမှာတော့ နောက်ပိုင်းမှာ ကောင်းမွန်မွန်နဲ့ အောင်မြင်စွာ ကျွန်တော်တို့ ဒီသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ် ခင်ဗျ။

ကျွန်တော် အရပ်သားဘဝမှာ နေခဲ့တုန်းကတော့ တစ်နေ့တာကို စိတ်လွတ်ကိုယ်လွတ်နဲ့ ဖြတ်သန်းခဲ့ပါတယ်။ စည်းကမ်းဆိုတာဘာမှန်း မသိခဲ့ပါဘူးခင်ဗျ။ ပေါ့ပေါ့ပါးပါးနဲ့ ဖြတ်သန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီတပ်မတော်ထဲရောက်ခဲ့တဲ့အချိန်မှာတော့ အစစအရာရာမှာ စည်းနဲ့ကမ်းနဲ့ အချိန်နဲ့ဇယားနဲ့ နေထိုင်လုပ်ဆောင်ခဲ့ရပါတယ်။ ဒီသင်တန်းဆင်းပြီးလို့ တာဝန်ကျရာတပ်မှာ တာဝန်ထမ်းဆောင်တဲ့ အချိန်မှာတော့ ကျွန်တော့်ထံ ရရှိလာတဲ့ ပေးအပ်တဲ့အမိန့် တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်မယ်လို့ ကျွန်တော် ခံယူထားပါတယ်ခင်ဗျ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဒီပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ပြည်သူတစ်ယောက်အနေနဲ့ မဖြစ်မနေ လာရောက်တက်ရောက်ကြပါလို့ နောင်လာမယ့် ညီငယ်လေးတွေကို ဖိတ်ခေါ်ချင်ပါတယ်ခင်ဗျ။

**ဒုတိယစစ်သည်**

ဒီသင်တန်းကို တက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ကနေ ထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရရော၊ ကျွန်တော်တို့ ဒီနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်မှုအတွက်ရော လာရောက်ရခြင်းဖြစ်ပါတယ်ခင်ဗျ။ နိုင်ငံတော်တာဝန်ကို သင်တန်းဆင်းပြီးတော့ စတင်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ကတော့ ရင်လည်းခုန်ပါတယ်၊ စိတ်လည်း စိတ်လှုပ်ရှားပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်။ နိုင်ငံတော်တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ဖို့လည်း ကျွန်တော် ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) ဆင်းသွားတဲ့ အိမ်ပြန်ခရီးစဉ်လေးတွေကို ကျွန်တော်တို့ကြည့်ရတာ အင်မတန်မှ ဂုဏ်ယူဖို့လည်း ကောင်းပါတယ်၊ အားရဖို့လည်း ကောင်းပါတယ်။ အင်း ကျွန်တော်တို့ (၂၂) အနေနဲ့လည်း အပတ်စဉ် (၁) က ဆင်းသွားတဲ့အတိုင်း အဆင်ပြေပြေနဲ့ တာဝန်ကျေကျေနဲ့ ထမ်းဆောင်သွားဖို့လည်း ရည်ရွယ်ထားပါတယ်။နောက်ထပ်လာမယ့်အပတ်စဉ် ညီငယ်လေးတွေကိုလည်း နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီးတော့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းကိုအကောင်းဆုံး ထမ်းဆောင်နိုင်ပါစေလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းစစ်သည်များအား သင်တန်းဆင်းဂုဏ်ပြု ညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## အောင်ပန်းမြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် တီရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး သင်တန်းဖွင့်

ကလော မေ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကလောမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ရက် (၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေးသင်တန်းကို မေ ၂၈ ရက်က အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက်တွင် ဖွင့်လှစ်လျက်ရှိသည်။



သင်တန်းတွင် ကလောမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစုလျှမ်းထက်က တိရစ္ဆာန်အချင်းချင်း ကူးစက်တတ်သောရောဂါများ၊ တိရစ္ဆာန်မှ လူသို့ ကူးစက်နိုင်သောရောဂါအား ကာကွယ်နိုင်ရေး နည်းလမ်းများကို အသိပညာပေးရှင်းလင်းခဲ့ပြီး ညောင်ပင်ထောင်ရပ်ကွက် အတွင်း ရှိ နို့စားနွားတစ်နိုင်တစ်ပိုင်၊ စီးပွားဖြစ် မွေးမြူသူများအား ခြံဖျန်းပိုးသတ်ဆေးများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ကျွဲ၊ နွားများ၌ ဖြစ်ပွားတတ်သော လည်ချောင်းကွဲ၊ ပေါင်ပုပ်လက်ပုပ်၊ ခွာနာလျှာနာ ရောဂါများနှင့် ဝက်များတွင်ဖြစ်ပွားတတ်သော အာဖရိက ဝက်အပြင်းဖျား၊ ဝက်နားရွက်ပြာရောဂါ၊ ဝက်ဝမ်းကျရောဂါများအကြောင်းနှင့် ကာကွယ်ရန်နည်းလမ်းများကို သင်တန်းသား ၁၅ ဦးအား မေ ၂၈ ရက်မှ ၃၀ ရက်အထိ သုံးရက်ကြာ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လှိုင်းဘွဲ့မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်များ ကွင်းဆင်းဆောင်ရွက်

ဘားအံ မေ ၂၉

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများအား ထုတ်ပေးခြင်းကို ပတ်ကျောကျေးရွာ၌ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် အသက်(၁၀)နှစ်နှင့်အထက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့်နှင့် ဟောင်းနွမ်းပျက်စီးခြင်းများကို အသစ်လဲလှယ်ပြုလုပ်ပေးခြင်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ဝန်ထမ်းများက စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ မြို့မရဲစခန်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ပြီး အရေးပေါ်မီးငြိမ်းသတ်နည်းတို့ကို ရဲတပ်ဖွဲ့ဝင်များအား လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်စဉ်။**

မန်းကျော်(ပြန်/ဆက်)



# ကိုရီးယားသမ္မတနိုင်ငံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားတစ်ဦး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းအပေါ် ဇနီးဖြစ်သူအား လိုအပ်သည်များ ကူညီဆောင်ရွက်ပေး

ဆိုးလ် မေ ၂၉

ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဂီပြည်နယ် ဟွာဆောင်းမြို့ရှိ သံမဏိပုံသွင်းစက်ရုံတစ်ရုံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား မောင်စန်းယုသည် မတ် ၂၄ ရက်တွင် လုပ်ငန်းခွင်အတွင်းအလုပ်လုပ်ကိုင်နေစဉ် ထိခိုက်မှုဖြစ်ပွားခဲ့ပြီး ဆေးရုံတက်ရောက်ကုသစဉ် သေဆုံးသွားခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံသို့ လာရောက်ပြီး စျာပနကျင်းပနိုင်ရေးအတွက် ဗီဇာရရှိရေး အချိန်မီကူညီဆောင်ရွက်ပေးကာ ရသင့်ရထိုက်သည့်အခွင့်အရေးများ အပြည့်အဝရရှိစေရန် အလုပ်သမားသံအရာရှိ၊ အလုပ်သမားဝန်ကြီးဌာနနှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရေးလက်မှတ်ရေးထိုးထားသော E9 Friends Law Firm ကုမ္ပဏီတို့နှင့်အတူ လုပ်ဆောင်ပေးခဲ့ကြောင်း၊ စျာပနအခမ်းအနားကိုလည်း မြန်မာသံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများက လိုက်ပါပို့ဆောင်ပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံ၌ နေထိုင်စဉ်ကာလအတွင်း သွားလာနေထိုင်ရေးကိစ္စများ အဆင်ပြေစေရေး၊ ယာယီဘဏ်အကောင့်ဖွင့်လှစ်နိုင်ရေး၊ လိုအပ်သည့်စာရွက်စာတမ်းကိစ္စရပ်များ ပံ့ပိုးကူညီခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံမှ ရသင့်ရထိုက်သည်များရရှိရန် ညှိနှိုင်းခြင်းတို့ကို မြန်မာသံရုံး ဆိုးလ်မြို့မှ အလုပ်သမားသံအရာရှိက လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးမှုများကြောင့် ကွယ်လွန်သူ မောင်စန်းယု၏ဇနီးမှာ လုပ်သက်ဆုကြေးများ၊ လုပ်ခလစာကျန်ငွေများ၊ အချိန်ပိုကြေးနှင့် ခွင့်ဆုကြေးများ၊ လုပ်ငန်းခွင်ထိခိုက်မှုအာမခံငွေများ၊ အသုဘစရိတ်ထောက်ပံ့ငွေများ၊ အလုပ်ရှင်မှပေးအပ်သည့် နစ်နာကြေးများ စသည့်ခံစားပိုင်ခွင့်ရှိသည်တို့ကို ပြည့်ပြည့်ဝဝ တိုက်ရိုက်ရရှိခဲ့သည့်အပြင် ရှေ့နေခကိုလည်း အနည်းဆုံးနှုန်းထားဖြင့် ရရှိအောင် ညှိနှိုင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကိုရီးယားသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် တရားဝင်လာရောက်လုပ်ကိုင်နေသူများအပါအဝင် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားများကို နှစ်နိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## လေရှီးမြို့နယ် ကျေးရွာနှစ်ရွာ၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

လေရှီး မေ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် လေရှီးမြို့နယ်အတွင်းရှိ မယလုံနှင့် ကုံကိုင်လုံ(ရွာမ) ကျေးရွာတို့၌ သောက်သုံးရေရရှိရေး ရေပိုက်လိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းများအတွက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၄၄ သန်းအသုံးပြု၍ လေရှီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ၏ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

## အီရတ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ သုံးဦးအား အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်

ရန်ကုန် မေ ၂၉

ပြည်ပတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့လာပါက နိုင်ငံတော်အစိုးရသည် နိုင်ငံသားများအပေါ် အလေးအနက်ထား၊ တန်ဖိုးထားကာ မည်သို့သောအခြေအနေတွင်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ ခင်စမ်းဌေး၊ သင်းသင်းအေးနှင့် ဖြိုးအိမာတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အီရတ်နိုင်ငံ လူကုန်ကူးတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ အီရတ်နိုင်ငံရှိမြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့ရသည့်အခါ မြန်မာသံရုံးက ဆက်သွယ်အကူအညီတောင်းခံလေ့ရှိသည့် အီရတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် မေ ၂၇ ရက်တွင် ဘဂ္ဂဒက်မြို့မှ ရှာဂျာခရီးစဉ်၊ မေ ၂၈ ရက်တွင် ရှာဂျာ-ဗန်ကောက်ခရီးစဉ်၊ မေ ၂၉ ရက်တွင် ဗန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့နံနက် ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများအနေဖြင့် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - သီဟ

## ရေကြည်မြို့နယ်၌ အမှိုက်ကင်းစင်ရေး ဆောင်ရွက်

ရေကြည် မေ ၂၉

ရောဝတီ တိုင်းဒေသကြီး ရေကြည်မြို့၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်း၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမိုးကျော်နှင့် ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်း၍ ယမန်နေ့က အောင်ဆန်းရပ်ကွက်အတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

**စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်**



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ရက်(၁၀၀)အတွင်း အမှိုက်ကင်းစင်ရေး၊ မြို့နယ်အတွင်း သန့်ရှင်းသာယာ လှပရေး၊ စိမ်းလန်း စိုပြည်ရေးအတွက် စုပေါင်း အမှိုက်ကောက်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်သိမ်းကားဖြင့် သိမ်းဆည်းခြင်းများ ဆောင်ရွက်ပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ဟင်္သာတမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေး

ဟင်္သာတ မေ ၂၉

ရောဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ သုံးပင်ကွင်းရပ်ကွက် ဆယ်ထပ်ကြီးဘုရားဝင်းအတွင်း၌ မေ ၂၆ ရက်က ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်ပေးခြင်း၊ ပျောက်ဆုံး/ ပျက်စီးခြင်းများကို မိတ္တူပြုလုပ်ပေးခြင်း၊ UID ကတ်ထုတ်ပေးခြင်း၊ e-ID Server ရှိ အချက်အလက်များ စိစစ်ပေးခြင်းနှင့် ပြင်ဆင်ပေးခြင်း၊ အသက်(၁၀) နှစ်အထက် မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် လဲလှယ်ခြင်းတို့ကို မြို့နယ်လဝကဦးစီးမှူး ဦးဖြိုးဝေအောင်နှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။



အဆိုပါ ဆောင်ရွက်ပေးနေမှုများကို ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ခရိုင်လဝကဦးစီးမှူး ဦးအောင်ဇင်ဝင်းနှင့် တာဝန်ရှိသူများ၊ ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဌေးဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် KIA အဖွဲ့နှင့် KPDF အမည်ခံအဖွဲ့ဝင် လေးဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်

နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် KIA အဖွဲ့နှင့် KPDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် အမျိုးသား နှစ်ဦး၊ KPDF အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တနိုင်းတပ်နယ်ရှိ ရဲမာန်အောင်ခန်းမ၌ ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ လူငယ်များအား အသိပညာပေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Ko ပါရီ သေနတ် တစ်လက်၊ KA-25 ဖုံးပစ်လောင်ချာတွဲသေနတ် တစ်လက်၊ K-25 သေနတ် တစ်လက်၊ လက်ပစ်ဗုံး လေးလုံး၊ ကျည်တောင့် ၆၀၀၊ ကျည်အိမ် မျိုးစုံ ကိုးခု၊ ကျည်ကာအင်္ကျီ တစ်ထည်၊ စကားပြောစက် တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့် အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ K-25 ဖုံးပစ်လောင်ချာတွဲ သေနတ် တစ်လက်အတွက် ငွေကျပ် ၇၅ သိန်း၊ လက်ပစ်ဗုံး လေးလုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ အတွက် ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ် ၂၀၇ သိန်းကို ပေးအပ်ပြီး ခံဝန်ကတိလက်မှတ် ရေးထိုးစေကာ




မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေး ပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

ကရင်ပြည်နယ် ဘက်ကနေလာပြီးမှ အလင်းဝင်ရောက်တာပါခင်ဗျာ။ ဒီထဲကို ရောက်သွားတာက သူငယ်ချင်းနဲ့နှစ်ယောက်ကျောက်ဝိုင်းကနေ တစ်ဆင့်ကျွန်တော်တို့ကို ခေါ်သွားတယ်။ ကားပေါ်ကိုတင်ပြီး ဒီအတိုင်းခေါ်သွားပြီး ဟိုရောက်တော့ မိုးလင်းမှ ကျွန်တော်တို့က သိတယ်။ ဘယ်ကိုရောက်နေတာလဲဆိုပြီး ကြည့်လိုက်တော့ တောထဲရောက်



နေတယ်။ ကျွန်တော်အစကတည်းက ဒီကိုဝင်ဖို့အတွက် သူငယ်ချင်းနဲ့ ဝင်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်လိုက်တယ်။ ကျွန်တော်သူတို့ကိုခေါ်ချင်တယ်။ မရမကလည်း ကျွန်တော် ခေါ်ဦးမှာပါ။ သူတို့လည်း သူတို့မိဘတွေနဲ့ အလွန်ကို တွေ့ချင်နေကြမှာပါ။

**သတင်းစဉ်**



## တိုက်ကြီးမြို့နယ်၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းသင်တန်းဖွင့်

တိုက်ကြီး ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၄၈)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် ပြုစုထုတ်ပြန်နိုင်ရေး ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ မြေတိုင်း (၄)၊ မြေတိုင်း (၅)နှင့် လက်ထောက်ဦးစီးမှူး ၂၅၅ ဦးတက်ရောက်ကာ သင်တန်းကာလ ငါးလခွဲကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ ဧပြီ ၂၉

မန္တလေးတိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၏ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက မိတ္ထီလာမြို့ကန်တော် မင်္ဂလာခန်းမတွင် ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံ



ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက အပြန်အလှန် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ စီးပွားရေး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ မေးမြန်းမှုများကို မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## လေပြင်းတိုက်ခတ်မှုကြောင့် ဘေးသင့်နေအိမ်များအား လက်ရောက်ထောက်ပံ့

ရမည်းသင်း ဧပြီ ၂၉

ရမည်းသင်းမြို့နယ်အတွင်းရှိ မြို့ပေါ်/ကျေးရွာများ၌ ဧပြီ ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်ခြင်းကြောင့် အိမ်အမိုးလန်ခြင်း၊ တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များ



အား ထောက်ပံ့ပေးခြင်းကို ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဦးဆောင်မှုဖြင့် ဧပြီ ၂၇ ရက်က ရပ်ကွက်/ ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထက်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မာထွန်းနှင့်တာဝန်ရှိသူများက ပုတီးကုန်း၊ မြို့လှ၊ အုန်းသီးကွဲနှင့် မကျီးကုန်ကျေးရွာအုပ်စု လေးအုပ်စုတို့မှ နေအိမ် ၃၁ လုံး၊ လူဦးရေ ၁၂၂ ဦးတို့အတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေ၊ အိမ်မိုးသွပ်(၆ ပေ x ၃ ပေ) ၇၄ ချပ်နှင့် ဆန်ရိက္ခာဖိုးငွေကျပ် နှစ်ဆယ့်တစ်သိန်း ခြောက်သောင်းကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစပြုမည့် ရက်ပေါင်း ၁၀၀ စီမံကိန်းနှင့် အစိုးရသစ်၏ ရှေ့လုပ်ငန်းစဉ်များ

ကောင်းပြည့်

**စစ်မှန်သောအစိုးရနှင့် ခေါင်းဆောင်မှု၏ အခန်းကဏ္ဍ**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ထိုနိုင်ငံရှိ ပြည်သူလူထု၏ ကံကြမ္မာသည် ပြည်သူကို ဦးဆောင်နေသော အစိုးရ၏ စစ်မှန်မှုနှင့် ထိုအစိုးရကို လမ်းညွှန်မှုပေးနေသည့် ခေါင်းဆောင်၏ အမြော်အမြင်ရှိမှုတို့အပေါ်တွင် များစွာတည်မှီနေပါသည်။ စစ်မှန်သော အစိုးရဆိုသည်မှာ ပြည်သူ့ဆန္ဒကို ထင်ဟပ်ကိုယ်စားပြုရုံသာမက တိုင်းပြည်၏ လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ရဲဝံ့ပြတ်သားစွာ ဖြေရှင်းပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော မဟာဗျူဟာမြောက် လမ်းပြမြေပုံများချမှတ်နိုင်သည့် အစိုးရမျိုးကို ဆိုလိုခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် ဘက်ပေါင်းစုံမှ အောင်မြင်နေသော နိုင်ငံအသီးသီးကို လေ့လာကြည့်ပါက အရင်းခံအကြောင်းတရားမှာ အရည်အသွေးမြင့်မားသော ခေါင်းဆောင်နှင့် စစ်မှန်သော အစိုးရများ ရှိနေခြင်းပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံကို ကမ္ဘာ့အဆင့်မီနိုင်ငံဖြစ်အောင် ထူထောင်ခဲ့သည့် လီကွမ်ယု(Lee Kuan Yew) ၏ ခိုင်မာသော စိတ်ဓာတ်နှင့် အမြော်အမြင်ရှိသော ခေါင်းဆောင်မှုမျိုးသည် နိုင်ငံတစ်နိုင်ငံကို သုညဘဝမှ အောင်မြင်မှု၏ ထိပ်ဆုံးသို့ ပို့ဆောင်နိုင်ကြောင်း သက်သေပြခဲ့ပါသည်။ ယခုအခါ မိမိတို့ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့သော သမိုင်းဝင် အခွင့်အရေးကောင်းများ ရရှိနေပြီဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ယခုအစိုးရသစ်သည် **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး**ကို ဖော်ဆောင်နိုင်ရန် ခိုင်မာသောစိတ်ဓာတ် (Will Power) ဖြင့် စတင်အခြေပြုခဲ့ပြီ ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့က ကျင်းပခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသည် အစိုးရသစ်၏ နောင်ငါးနှစ်တာကာလအတွက် မဟာဗျူဟာမြောက် ရက်ပေါင်း ၁၀၀ စီမံကိန်း လုပ်ငန်းစဉ်များကို တရားဝင် အစပြုလိုက်ခြင်းပင် ဖြစ်ပါသည်။

ခေါင်းဆောင်ကောင်းတစ်ဦး၏ အခန်းကဏ္ဍသည် တိုင်းပြည်အတွင်းရှိ အင်အားစုအားလုံးကို စည်းလုံးညီညွတ်စွာ စုစည်းပေးနိုင်ရန်ဖြစ်ပြီး ယခုချပြလိုက်သော **ရက်ပေါင်း ၁၀၀ စီမံကိန်း**သည် ခေါင်းဆောင်မှု၏ ထိရောက်သော အုပ်ချုပ်မှုယန္တရား (Effective Governance)ကို လက်တွေ့ကျကျ သက်သေပြမည့် ပထမဆုံးသော ခြေလှမ်းသစ်တစ်ခု ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား၍ အလေးပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခိုင်မာစွာ မိန့်ကြားခဲ့ပါသည်။

**ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှု**

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသော အခြေခံအုတ်မြစ်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတက အတိတ်သမိုင်း၏ အားနည်းချက်များကို သင်ခန်းစာယူ၍ ခေတ်မီပြီး အရည်အသွေးမြင့်မားသော ပညာရေးစနစ်တစ်ခုကို တည်ဆောက်ရန်မှာ အစိုးရသစ်၏ အဓိကတာဝန်ဖြစ်ကြောင်း အလေးထား မိန့်ကြားခဲ့ပါသည်။ ပညာရေးအားနည်းပါက အသိပညာဗဟုသုတ နည်းပါးလာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ကျန်းမာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများပါ ဆုံးရှုံးသွားနိုင်သည်ဟူသော အချက်ကိုလည်း အမြော်အမြင်ရှိစွာ ထောက်ပြခဲ့ပါသည်။

အစိုးရသစ်အနေဖြင့် ပညာရေးကို **အကျိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှု**အဖြစ် ခိုင်မာစွာ သတ်မှတ်ထားပါသည်။ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော် ဘဏ္ဍာငွေ၏ ၆ ဒသမ ၈၂ ရာခိုင်နှုန်း အသုံးပြုမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများအောက်ရှိ ပညာရေးကဏ္ဍများ အပါအဝင်ဆိုပါက စုစုပေါင်း ၉ ဒသမ ၂၂ ရာခိုင်နှုန်းအထိ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ပါသည်။ ထို့အပြင် လာမည့် ငါးနှစ်တာကာလအတွင်း ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကို နိုင်ငံတော်ဘဏ္ဍာငွေ၏ ၂၀ ရာခိုင်နှုန်းအထိ အဆင့်ဆင့်တိုးမြှင့်သွားရန် ခိုင်မာသော ရည်မှန်းချက် ချမှတ်ထားရှိပါသည်။

နိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရုံသာမက ခေတ်နှင့်အညီ အသိပညာဗဟုသုတ ပြည့်စုံစေရန်အတွက် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို အောင်မြင်အောင် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကျောင်းနေသူဦးရေ တိုးတက်လာစေရေးနှင့် အခြေခံပညာအဆင့်များတွင် တန်းစဉ်ကူးပြောင်းမှု လျော့နည်းခြင်းမရှိစေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံတော်အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးမည့် မရှိမဖြစ်လိုအပ်သော လုပ်ငန်းစဉ် ဖြစ်ပါသည်။

> **ခေါင်းဆောင်ကောင်းတစ်ဦး၏ အခန်းကဏ္ဍသည် တိုင်းပြည်အတွင်းရှိ အင်အားစုအားလုံးကို စည်းလုံးညီညွတ်စွာ စုစည်းပေးနိုင်ရန်ဖြစ်ပြီး ယခုချပြလိုက်သော ရက်ပေါင်း ၁၀၀ စီမံကိန်းသည် ခေါင်းဆောင်မှု၏ ထိရောက်သော အုပ်ချုပ်မှုယန္တရား (Effective Governance) ကို လက်တွေ့ကျကျ သက်သေပြမည့် ပထမဆုံးသော ခြေလှမ်းသစ်တစ်ခုဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးက တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကထား၍ အလေးပေးဆောင်ရွက်သွားမည်**

စာသင်ကျောင်းများကိုလည်း သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး လူငယ်များ၏ ကာယဗလဖွံ့ဖြိုးရေးအတွက် အားကစားကွင်းများ ပါဝင်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အထူးသဖြင့် အခြေခံပညာကျောင်းများတွင် **ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်**များကို ထည့်သွင်းသင်ကြားပေးခြင်းဖြင့် စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းမွန်သော နိုင်ငံ့သားကောင်းများကို စနစ်တကျ ပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။ ဗလငါးတန်နှင့် ပြည့်ဝသည့် ကျောင်းများဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်အစီအစဉ်များကိုလည်း ရှေ့ပြေးစီမံကိန်းများဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော ပညာရေးအဆင့်အတန်းတစ်ခု ဖြစ်ပေါ်လာစေရန် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် **သုတေသန စွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များ** သတ်မှတ်ဆောင်ရွက်သွားရန် ရည်မှန်းထားပါသည်။ အထူးသဖြင့် နိုင်ငံတော်အတွက် လိုအပ်သော အဆင့်မြင့်ပညာရှင်များနှင့် သုတေသီများကို မွေးထုတ်ပေးနိုင်မည့်အပြင် နိုင်ငံတော်၏ အနာဂတ်ကို သိပ္ပံနှင့်နည်းပညာဖြင့် ပုံဖော်ပေးမည့် မဟာဗျူဟာမြောက် ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါသည်။

**စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်စီးပွားရေး မြှင့်တင်မှု**

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းနီးပါးသည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်ကြပြီး ထိုသူတို့အနက် ၅၀ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသူများဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် တစ်ဦးချင်းဝင်ငွေ တိုးတက်လာမှသာလျှင် နိုင်ငံတော်၏ ဆင်းရဲမွဲတေမှုနှုန်းမှာ သိသာစွာ ကျဆင်းသွားမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အမြော်အမြင်ရှိစွာ လမ်းညွှန်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်စီးပွားရေး မြှင့်တင်မှုကဏ္ဍကို အခြေခံမှစ၍ မြှင့်တင်ရန်အတွက် ရက်ပေါင်း ၁၀၀ စီမံကိန်းတွင် တောင်သူလယ်သမားများအတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှု၊ စက်မှုလယ်ယာနှင့် နည်းပညာပံ့ပိုးမှု၊ ဒေသတွင်း စားရေရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို မဟာဗျူဟာမြောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ငွေကြေးအရင်းအနှီး အခက်အခဲမရှိစေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများကို ရက်ပေါင်း ၁၀၀ အတွင်း တိုးမြှင့်ထုတ်ချေးပေးမည်ဖြစ်ပါသည်။ စပါး၊ ဂျုံနှင့် ချည်မျှင်ရှည်ဝါ စိုက်ပျိုးသည့် တောင်သူများအတွက် တစ်ဧကလျှင် ကျပ်သုံးသိန်းနှုန်းအထိ လည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ကျပ် နှစ်သိန်းခွဲနှုန်းအထိ လည်းကောင်း၊ ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်ဧကလျှင် တစ်သိန်းခွဲအထိ လည်းကောင်း တိုးမြှင့်ပေးသွားရန် စီစဉ်ထားရှိပါသည်။ တောင်သူများ၏ ကုန်ထုတ်စွမ်းအားကို တိုက်ရိုက်မြှင့်တင်ပေးမည့်အပြင် ကုန်ထုတ်လုပ်မှုစရိတ်များကိုလည်း များစွာအထောက်အကူပြုစေမည့် အစီအစဉ်ဖြစ်ပါသည်။

ရိုးရာစိုက်ပျိုးရေးစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနိုင်ရန်အတွက် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူရာတွင် လိုအပ်သော ငွေကြေးပံ့ပိုးမှုများကို စနစ်တကျ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ လယ်ယာသုံး စက်ကိရိယာများအတွက် ကျပ်သိန်း ၃၀၀၀ အထိနှင့် အထက်ဟူ၍ ကဏ္ဍခွဲကာ ချေးငွေများ ထုတ်ပေးသွားမည်ဖြစ်ပါသည်။ ထို့အပြင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို အသုံးပြု၍ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးကိုလည်း နိုင်ငံတော်က အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေသအလိုက် အသား၊ ငါးနှင့် စားသောက်ကုန်များ ဖူလုံစွာ ထုတ်လုပ်နိုင်ခြင်းသည် ကုန်ဈေးနှုန်းများကို လျော့ကျစေမည့် အထိရောက်ဆုံး နည်းလမ်းဖြစ်ကြောင်း သမ္မတကြီးက လမ်းညွှန်ခဲ့ပါသည်။ မိမိဒေသအတွင်း ဖူလုံအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များကို သက်သာစေရုံသာမက ပြည်သူများအနေဖြင့် လတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများကို သက်သာသောဈေးနှုန်းဖြင့် စားသုံးနိုင်မည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ပါသည်။

စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာခြင်းသည် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးရုံသာမက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ပြီး နိုင်ငံခြားငွေ အလေအလွင့်ဖြစ်မှုကိုလည်း ချွေတာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါစီမံကိန်းသည် နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို ခိုင်မာအောင် တည်ဆောက်ပေးမည့် မဟာဗျူဟာမြောက် လုပ်ငန်းစဉ်တစ်ရပ်ပင် ဖြစ်ပါတော့သည်။

**ကုန်ထုတ်လုပ်မှုနှင့် MSME ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး**

နိုင်ငံ့စီးပွားရေး အခြေခံခိုင်မာစေရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရန်မှာ မဖြစ်မနေလိုအပ်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME) အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း လမ်းညွှန်မှုပြုခဲ့ပါသည်။

ပြည်ပမှ ကုန်ကြမ်းများကို တင်သွင်း၍ထုတ်လုပ်ခြင်းထက် မိမိတို့နိုင်ငံအတွင်း ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် MSME လုပ်ငန်းများကို အဓိကထား အားပေးသွားမည်ဖြစ်ပါသည်။ သို့မှသာ ပြည်ပသို့ နိုင်ငံခြားငွေ စီးထွက်မှုကို ထိန်းချုပ်နိုင်မည့်အပြင် ပြည်တွင်းရှိ သယံဇာတများကို တန်ဖိုးမြှင့်ထုတ်ကုန် (Value-added products) များအဖြစ် ပြောင်းလဲနိုင်မည့် ဒေသတွင်း ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောထုတ်လုပ်မှု နည်းလမ်းကောင်းပင် ဖြစ်ပါသည်။

ဝါ၊ ဝါး၊ ရော်ဘာ စသည့် စက်မှုကုန်ကြမ်းများအပြင် သရက်၊ ဒူးရင်း၊ ငရုတ်ကောင်းစသည့် ဥယျာဉ်ခြံထွက်သီးနှံများကိုလည်း အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ထိုသို့အဆင့်မြင့်သီးနှံများနှင့် စက်မှုကုန်ကြမ်းများ တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ထွက်ရှိသော သီးနှံများကို ကုန်ကြမ်းအဆင့်မှသည် စံချိန်စံညွှန်းမီ ကုန်ချောအဆင့်အထိ ထုတ်လုပ်ကာ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ရည်မှန်းထားပါသည်။

စာမျက်နှာ ၁၃ သို့ ☆

☆ စာမျက်နှာ ၁၂ မှ

MSME လုပ်ငန်းများ စတင်ရန်နှင့် တိုးချဲ့ရန်အတွက် လိုအပ်သော ရင်းနှီးမတည်ငွေများနှင့် လုပ်ငန်းလည်ပတ်ရန် ငွေကြေးများကို နိုင်ငံတော်က ထိရောက်စွာ ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းများ လုပ်ကိုင်ရာတွင် ကြုံတွေ့ရသည့် အဟန့်အတားများနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ဖြေလျှော့မှုများကိုလည်း ရက်ပေါင်း ၁၀၀ အတွင်း အလေးထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်နိုင်သည့် လူသုံးကုန်နှင့် စားသောက်ကုန်များကို ပြည်ပမှ တင်သွင်းခြင်းထက် ပြည်တွင်းဖြစ်ကို ဦးစားပေးအသုံးပြုကြရန် နိုင်ငံတော်သမ္မတက တိုက်တွန်းခဲ့ပါသည်။ ပြည်တွင်းထုတ်ကုန်များ အရည်အသွေး ပြည့်မီလာခြင်းဖြင့် သွင်းကုန်အစားထိုးနိုင်ရုံသာမက နိုင်ငံတကာဈေးကွက်သို့ ပို့ကုန်အဖြစ် တင်ပို့နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးကို အားကောင်းစေကာ ပြည်ပသွင်းကုန်အစားထိုးရေးနှင့် ပို့ကုန်မြှင့်တင်ရေးကို များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

**လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍ ရက် ၁၀၀ စီမံချက်**

နိုင်ငံတော်၏ စီးပွားရေးစီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်နှင့် ဒေသအချင်းချင်း ချိတ်ဆက်မှု အားကောင်းစေရန်အတွက် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့ကြောင့် အစိုးရသစ်၏ ပထမ ရက်ပေါင်း ၁၀၀ အတွင်း ပြည်သူများ သိသာထင်ရှားသော အကျိုးကျေးဇူးများ ခံစားရစေရန် လေကြောင်းနှင့် ဆိပ်ကမ်းဆိုင်ရာ အဆင့်မြှင့်တင်မှုများ၊ ရထားလမ်းပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ လျှပ်စစ်စွမ်းအင်နှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အနီးစခန်းလေဆိပ်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ရက်ပေါင်း ၁၀၀ အတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ပို့ကုန်များအား စနစ်တကျသိုလှောင်ထိန်းသိမ်းနိုင်ရန်အတွက် ခေတ်မီသိုလှောင်ရုံ (Warehouse)များကို ဦးစားပေး တည်ဆောက်သွားရန် စီစဉ်ထားရှိပါသည်။

ကုန်စည်စီးဆင်းမှု ကုန်ကျစရိတ် သက်သာစေရန်အတွက် ရထားလမ်းပိုင်းများအား အဆင့်မြှင့်တင်ခြင်းကို အလေးထားဆောင်ရွက်မည်ဖြစ်ပါသည်။ အထူးသဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန်-မော်လမြိုင်နှင့် ရန်ကုန်-ပြည်လမ်းပိုင်းများတွင် လမ်းပိုင်းကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်မည်ဖြစ်ပြီး ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း ရထားလမ်းပိုင်းရှိ တံတားနှင့် လမ်းပိုင်းပြင်ဆင်မှုများကိုလည်း အမြန်ဆုံးအကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

ပြည်သူများ သတင်းအချက်အလက် စီးဆင်းမှု ပိုမိုမြန်ဆန်လာစေရန်အတွက် ရက်ပေါင်း ၁၀၀ အတွင်း မိုဘိုင်းဆက်သွယ်ရေးစခန်းအသစ် ၂၇ ခုကို ထပ်မံတိုးချဲ့စိုက်ထူပေးသွားမည်ဖြစ်ပါသည်။ ၎င်းအပြင် လက်ရှိအသုံးပြုနေသော စခန်းကိုးခုကိုလည်း မြန်နှုန်းမြင့် 4G LTE အဆင့်သို့ မြှင့်တင်ပေးခြင်းဖြင့် ဒေသတွင်း ဆက်သွယ်ရေးကဏ္ဍကို အားကောင်းစေမည်ဖြစ်ပါသည်။

နိုင်ငံ့စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးမှာ မရှိမဖြစ် လိုအပ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး (Solar Power) စီမံကိန်းများကို အရှိန်အဟုန်ဖြင့်

> **မြန်မာနိုင်ငံတော်၏ အနာဂတ်ကို ပြန်လည်ထူထောင်ရာတွင် အဂတိကင်းစင်မှု၊ မှန်ကန်သောလုပ်ရပ်နှင့် စေတနာကိုအခြေခံ၍ ခိုင်မာသော ခြေလှမ်းများဖြင့် ရှေ့ဆက်လှမ်းမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော ယခုအစိုးရသည် ပြည်သူတို့၏အကျိုးစီးပွားကို အစဉ်တစိုက်ရှေးရှုလျက် ရက်ပေါင်း ၁၀၀ စီမံကိန်းမှတစ်ဆင့် မြင်သာထင်သာရှိသော ပြောင်းလဲမှုများကို စတင်ဖော်ဆောင်နေပြီ**

လုပ်ဆောင်မည်ဖြစ်ပါသည်။ အထူးသဖြင့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို ဖော်ဆောင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍအတွက်ပါ လျှပ်စစ်စွမ်းအားကို အကျိုးရှိရှိ အသုံးပြုသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကတိကဝတ်များ**

ပြည်သူများ၏ ပျမ်းမျှမျှော်မှန်းသက်တမ်း မြင့်မားလာစေရေးနှင့် ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ပေါ်လာစေရေးသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကကျသော ကဏ္ဍဖြစ်ပါသည်။ ထို့ကြောင့် အစိုးရသစ်အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများကို အရည်အသွေးမြှင့်တင်ရန်နှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ဆောင်မှုကဏ္ဍ မြှင့်တင်ခြင်းအနေဖြင့် ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလက်လှမ်းမီစေရန်အတွက် မြို့နယ်ပေါင်း ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများကို ထပ်မံခန့်အပ်ကာ စီမံခန့်ခွဲမှုလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်မည်ဖြစ်ပါသည်။ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ နှလုံးရောဂါရှင် လူနာတစ်သိန်းအတွက် အခမဲ့ကာကွယ်ကုသပေးမည့် လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍတွင် ကျွမ်းကျင်သူနာပြုနှင့် သားဖွားဆရာမများ လုံလောက်စွာရှိစေရန်အတွက် လက်ရှိသူနာပြုသင်တန်းကျောင်းများကို **“သူနာပြုသိပ္ပံ”**(Nursing Science) အဆင့်သို့ အဆင့်မြှင့်တင်သွားမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လက်တွေ့ကုသမှုနယ်ပယ်တွင် အရည်အသွေးမြင့်မားသော ကျန်းမာရေးဝန်ထမ်းများကို ပိုမိုမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

လူငယ်များ၏ စိတ်ဓာတ်နှင့် စည်းကမ်းကို အားကစားဖြင့် ပုံဖော်ပေးနိုင်ရန် "Football for School" အစီအစဉ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုတွင် ရှေ့ပြေးစီမံကိန်း (Pilot Project) အနေဖြင့် စတင်မည်ဖြစ်ပါသည်။ အဆိုပါအစီအစဉ်မှတစ်ဆင့် လူငယ်များ ကျန်းမာကြံ့ခိုင်ရုံသာမက စုပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်သွားမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးနှင့် အားကစားကဏ္ဍကို ဟန်ချက်ညီညီ မြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုဘဝလုံခြုံစိတ်ချရမှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်းပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တက်ကြွစွာ ပါဝင်လာနိုင်စေရန် အခြေခံအုတ်မြစ် ချမှတ်ပေးခြင်းပင် ဖြစ်ပါတော့သည်။

**ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဖိတ်ခေါ်ချက်**

နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လမ်းညွှန်မိန့်ကြားရာတွင် **“ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား၊ နောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်းတည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှခိုင်လုံတဲ့အကြောင်းပြချက် မဟုတ်ပါဘူး။ အဖွင့်မှာ ပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချ မခံရအောင်နေကြဖို့ ပြောလိုပါတယ်”** ဟု ထည့်သွင်းမိန့်ကြားခဲ့ပါသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိလျှင် မည်သည့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကိုမျှ အရှိန်အဟုန်ဖြင့် လုပ်ဆောင်ရန် ခက်ခဲပါသည် ဟူသော အချက်ကို အလေးထား မီးမောင်းထိုးပြခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို အမြန်ဆုံးအဆုံးသတ်နိုင်ရန်နှင့် ရေရှည်တည်ငြိမ်ရေးကို ဖော်ဆောင်နိုင်ရန်အတွက် **“နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်”** နိုင်ငံတော်သမ္မတဦးဆောင်သည့် အစိုးရသစ်က ပြတ်သားသော သဘောထားဖြင့် လမ်းဖွင့်ပေးခဲ့ပါသည်။

နိုင်ငံတော်သမ္မတက PDF အဖွဲ့များအပါအဝင် အဖွဲ့အစည်းအသီးသီးကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာရန်နှင့် မိမိတို့၏ သဘောထားများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးကြရန် အလေးအနက် ဖိတ်ခေါ်ထားပါသည်။

တည်ငြိမ်အေးချမ်းရေးနှင့် ရှေ့လုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များသာမက လက်မှတ်မထိုးရသေးသည့် အဖွဲ့များကိုပါ တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားပါသည်။ PDF အဖွဲ့ဝင်များအနေဖြင့် အသုံးချခံဘဝမှ ရုန်းထွက်ကာ ဥပဒေဘောင်အတွင်း ဝင်ရောက်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်ရန် တိုက်တွန်းထားပါသည်။ ထိုသို့ တွေ့ဆုံဆွေးနွေးရာမှ ရရှိလာသည့် သဘောတူညီချက်များကို လွှတ်တော်သို့ တင်ပြကာ တရားဝင်ဥပဒေအဖြစ် အတည်ပြုဆောင်ရွက်သွားမည့် လမ်းစဉ်ကိုလည်း ချမှတ်ထားပါသည်။

တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဘဝများကို အေးချမ်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူနှင့် အစိုးရအကြား ယုံကြည်မှု တည်ဆောက်ခြင်းဖြင့် ငြိမ်းချမ်းသော လူ့အသိုက်အဝန်းတစ်ခုကို ပြန်လည်ထူထောင်သွားမည်ဖြစ်ပါသည်။

လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်လာရန် ဖိတ်ခေါ်ခြင်းသည် အရှုံးအနိုင်အတွက်မဟုတ်ဘဲ တိုင်းပြည်နှင့် ပြည်သူတို့၏ အနာဂတ်အတွက် ဖြစ်ပါသည်။ အဆိုပါဖိတ်ခေါ်ချက်သည် စစ်မှန်သော ငြိမ်းချမ်းရေးဆီသို့ ဦးတည်သည့် သမိုင်းဝင် ခြေလှမ်းတစ်ရပ်ဖြစ်ပါတော့သည်။

**ရှေ့ဆက်ရမည့် လမ်းစဉ်**

အနှစ်ချုပ်အားဖြင့်ဆိုရသော် အစိုးရသစ်အနေဖြင့် မြန်မာနိုင်ငံတော်၏ အနာဂတ်ကို ပြန်လည်ထူထောင်ရာတွင် အဂတိကင်းစင်မှု၊ မှန်ကန်သောလုပ်ရပ်နှင့် စေတနာကို အခြေခံ၍ ခိုင်မာသော ခြေလှမ်းများဖြင့် ရှေ့ဆက်လှမ်းမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော ယခုအစိုးရသည် ပြည်သူတို့၏ အကျိုးစီးပွားကို အစဉ်တစိုက် ရှေးရှုလျက် **ရက်ပေါင်း ၁၀၀ စီမံကိန်း**မှတစ်ဆင့် မြင်သာထင်သာရှိသော ပြောင်းလဲမှုများကို စတင်ဖော်ဆောင်နေပြီဖြစ်ပါသည်။

နိုင်ငံတော်ဘဏ္ဍာငွေများကို အသုံးပြုရာတွင်လည်း အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ ထိရောက်စွာ သုံးစွဲရန်မှာ အစိုးရ၏ အဓိကမူဝါဒဖြစ်ပြီး အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများကို ဦးစားပေးအဆင့်မြှင့်တင်ပေးခြင်းဖြင့် ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲများ ကင်းစင်သည့် မျှတသော ဖွံ့ဖြိုးတိုးတက်မှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

တစ်ဆက်တည်းမှာပင် ပြည်သူများ၏ လူမှုဘဝ လွယ်ကူချောမွေ့စေရန်အတွက် နည်းပညာအခြေပြု ဝန်ဆောင်မှုများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်သွားမည်ဖြစ်ရာ အသက် ၁၀ နှစ်ပြည့် ကလေးငယ်များအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် e-ID စနစ်အတွက် လိုအပ်သော အချက်အလက်များကို ရက်ပေါင်း ၁၀၀ အတွင်း အမြန်ဆုံးကောက်ယူဖြည့်သွင်းခြင်းတို့ဖြင့် ခေတ်မီပြီး ထိရောက်မြန်ဆန်သော e-Government ယန္တရားတစ်ခုကို ခိုင်ခိုင်မာမာ တည်ဆောက်သွားမည် ဖြစ်ပါသည်။

အစိုးရအဖွဲ့ဝင်များအနေဖြင့်လည်း မိမိတို့၏ အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များကို ထိရောက်စွာ ပေါင်းစပ်၍ တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို အမှန်တကယ် ဖော်ဆောင်ကြရန် နိုင်ငံတော်သမ္မတကြီးက လမ်းညွှန်တိုက်တွန်းထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သို့သော ဝေဖန်မှုနှင့် စိန်ခေါ်မှုများ ရှိနေပါစေ၊ အမှန်တရားကို လက်ကိုင်ထား၍ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစပြုမည့် ရက်ပေါင်း ၁၀၀ စီမံကိန်းနှင့် အစိုးရသစ်၏ ရှေ့လုပ်ငန်းစဉ်များက** မြန်မာနိုင်ငံသစ်ဆီသို့ တက်လှမ်းမည့် အရေးကြီးသော ခြေလှမ်းသစ်တစ်ခု ဖြစ်ပါသည်။ စစ်မှန်သော အစိုးရ၊ အမြော်အမြင်ရှိသော ခေါင်းဆောင်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် အမိနိုင်ငံတော်ကြီးကို ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် မလွဲကေန် တည်ဆောက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံပြည်သူလူထုအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကျင်းပ

**မြစ်ကြီးနား မေ ၂၉**

ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာ အထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက စီမံကိန်းနှင့်ပတ်သက်၍ ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိ ယာယီတိမ်းရှောင်မိသားစုများ၊ ဒေသခံပြည်သူလူထုအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ညနေပိုင်းက နောင်ချိန်းကျေးရွာ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသခံကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ ကျေးရွာအုပ်စုအတွင်းရှိ ယာယီတိမ်းရှောင်စခန်း ၁၉ ခုနှင့် နောင်တာလောစခန်းတို့မှ အိမ်ထောင်စုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်တွင် လျှပ်စစ်စွမ်းအားသည် မရှိမဖြစ်လိုအပ်ချက် ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြင့်မားရေးအတွက်



အရေးကြီးသည်ကို အားလုံးကသိရှိနားလည်လက်ခံရမည်ဖြစ်ကြောင်း၊ နောင်လာမည့် မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများ ရရှိနိုင်စေရန် စီမံကိန်းကို ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုအတွင်းရှိ ယာယီတိမ်းရှောင်စခန်း ၁၉ ခုမှ သဘာဝဘေးကြောင့် ထိခိုက်ခဲ့ရသည့် ယာယီတိမ်းရှောင်အိမ်ထောင်စုများအတွက် ဆန် ၂၄ ပြည်ပါအိတ် ၅၀၀ နှင့် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ယာယီစခန်းအတွင်း အမိုးအကာပျက်စီးသွားသည့် အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၂၀၀ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံကော်မတီအဖွဲ့ဝင်များက ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာများ၊ ဘူမိဗေဒဆိုင်ရာတွေ့ရှိချက်များ၊ ဆည်တာတမံကြီးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြရာ ဒေသခံပြည်သူများက ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်နေမှုများနှင့် ဒေသခံပြည်သူလူထုဘက်က အကျိုးခံစားခွင့်ဆိုင်ရာများကို မေးမြန်းဆွေးနွေးကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၏ ဩဝါဒခံယူပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်၊ နေပြည်တော်အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ရေးဆရာဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၃ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# သရက်ခရိုင်၌ နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**သရက် မေ ၂၉**

နှစ်(၈၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သရက်ခရိုင်နှင့် မြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းခြင်းကို ယမန်နေ့နံနက်ပိုင်းတွင် သရက်ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

**စုပေါင်းသွေးလှူဒါန်း**

အဆိုပါ စုပေါင်းသွေးလှူဒါန်းခြင်းကို သရက်ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအုပ်စိုးလင်းနှင့် သရက်မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်တို့က ကြည့်ရှုအားပေးပြီး ဆေးဝါးနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး စုပေါင်းသွေးလှူဒါန်းပွဲတွင် သရက်ခရိုင်နှင့် မြို့နယ်တို့မှ မီးသတ်တပ်ဖွဲ့ဝင် ၃၂ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကောင်းစစ်နိုင်**



# အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာရေးအတွက် ကျောင်းသား ကျောင်းသူများအား စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်

**စစ်တွေ မေ ၂၉**

အရည်အချင်း မြင့်မားသည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းလာရေးအတွက် ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ခြင်းသည် နိုင်ငံတော်နှင့် ပညာရေးဝန်ကြီးဌာနတို့၏ အဓိကလုပ်ငန်းအစီအစဉ်တစ်ရပ်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၊ ကြီးကြပ်ဆရာဆရာမများနှင့် တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်၍ ဗလငါးတန်နှင့် ပြည့်စုံသော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်ကျောင်းသားကျောင်းသူများ ရွေးချယ်ရာတွင် ကျောင်းအဆင့်၊ မြို့နယ်အဆင့်နှင့် ခရိုင်အဆင့်၊ တစ်နည်းအားဖြင့် (ဗဟိုအဆင့်) သတ်မှတ်၍ရေးဖြေ၊ နှုတ်ဖြေ၊ ကိုယ်ကာယကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို တူညီသောစည်းမျဉ်း၊ စည်းကမ်းများဖြင့် စိစစ်ရွေးချယ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင်လည်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းဖွင့်ခဲ့သည့် မြို့နယ်များ၌ လူရည်ချွန်ရွေးချယ်ရေးကို သတ်မှတ်ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရခိုင်ပြည်နယ်ကိုယ်စားပြု လူရည်ချွန်ရွေးချယ်ခံရသော ကျောင်းသား ကျောင်းသူများအတွက် လှိုက်လှဲစွာ ဝမ်းသာအားရ ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းနောက် လူရည်ချွန်မောင်မယ်များက "လူငယ်စွမ်းရည်သီချင်း" ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ရခိုင်ပြည်နယ်ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး(ပညာ)က လူရည်ချွန်စခန်းများသို့ သွားရောက်မည့် ခရီးစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ဆရာဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် အခြေခံပညာဦးစီးဌာနမှ ပေးပို့သည့် "လူရည်ချွန်စွမ်းအား" သီချင်းဗီဒီယိုကို ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**ကွမ်းခြံကုန်း မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနသည် အစိုးရသစ်၏ရက်(၁၀၀)စီမံချက်ဖြင့် အပူဒဏ်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယမန်နေ့နံနက်ပိုင်းက တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာ ကိုးဆူဘုရားဝင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးတင်လင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာအထောက်အကူပြုပါရဂူလူငယ်ဆရာဝန်ကြီးများက အပူဒဏ်ကာကွယ်ရေး အသိပညာပေး ဟောပြောပြီး ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**



# ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ထုတ်ပေးခြင်းတို့ကို ယမန်နေ့နံနက်ပိုင်းက ပျော်ဘွယ်ကြီးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ယင်းသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦး ဦးဆောင်မှုဖြင့် ဝန်ထမ်းများအဖွဲ့က ပျော်ဘွယ်ကြီးကျေးရွာ အတွင်းရှိ အသက်(၁၈)နှစ်ပြည့်ပြီးသူကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် UID ကတ် ထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများ၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား မူဆယ်မြို့၌ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး အတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသည့် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် တရားမဝင် တရုတ်နိုင်ငံသား ၂၆ ဦးကိုလည်းကောင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ ရပ်ကွက်များအတွင်းမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မူဆယ်မြို့ တော်ရွှက်ရပ်ကွက် ဖွေဟုန်းနယ်မြေရှိ နေအိမ်တစ်လုံး အတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်ပုန်းခိုနေသည့် တရားမဝင်တရုတ်နိုင်ငံသား နှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦး တို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖြစ်သော ဖုန်းမျိုးစုံ ၂၄ လုံး၊ All in One ကွန်ပျူတာ ၁၉ လုံး၊ TP Link တစ်လုံး၊ Wifi စက် ခြောက်လုံးနှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သူများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

ထို့ပြင် မူဆယ်မြို့အတွင်း၌ တရားမဝင် ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က ညနေ ၄ နာရီ မိနစ် ၃၀ ခန့်တွင် ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ထပ်မံ စစ်ဆေးရာ အဆိုပါနေအိမ် အတွင်းမှ နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၆ ဦးကို ထပ်မံ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင် ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည် လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



မူဆယ်မြို့ တော်ရွှက်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ နေအိမ်၌ တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦး ဖမ်းဆီးရမိမှု။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားနှစ်ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ တိမ်းရှောင်ပုန်းခိုနေသည့် မူဆယ်မြို့ တော်ရွှက်ရပ်ကွက်ရှိ နေအိမ်ကိုတွေ့ရစဉ်။



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ တရားမဝင် တရုတ်နိုင်ငံသား ၂၆ ဦး ပုန်းခိုနေထိုင်သည့် နေအိမ်ကိုတွေ့ရစဉ်။

## အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**နေပြည်တော် မေ ၂၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အမြဲတမ်း မသန်စွမ်းမှုအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းသာစိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်း အလုပ်ဌာနရုံးခန်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် ချမ်းသာစိုးစံ ကိုယ်ပိုင်အထက်တန်းကျောင်းမှ အာမခံအလုပ်သမား ဒေါ်မြင့်မြင့်ဝင်းသည် မန္တလေးငလျင်ကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်မှုဖြစ်ခဲ့သည့်အတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၄၉၉၈၀၀၀ ကို အာမခံအလုပ်သမား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းကလည်း မြန်မာနိုင်ငံ ကျောက်မျက် လုပ်ငန်းရှင်များအသင်းအလုပ်ဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးက ဒက္ခိဏသီရိမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ အာမခံအလုပ်သမား ဦးမြမင်းကျော်သည် မန္တလေးငလျင်ကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်မှုဖြစ်ခဲ့သည့်အတွက် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၇၆၇၃၄၀၀ ကို အာမခံအလုပ်သမားလက်ဝယ် အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## မြန်အောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မြန်အောင် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မုန်တိုင်ကျေးရွာဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် အသက် (၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ အသစ်ပြုလုပ်လိုသည့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား လိုအပ်သည့်အချက်အလက်များ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးခဲ့ပြီး UID ကတ်များထုတ်ပေးခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (မြန်/ဆက်)**

# ဒုတိယကမ္ဘာစစ်အတွင်း သံဖြူဇရပ်ချောင်းတပ်စခန်း၌ ကွယ်လွန်ခဲ့ကြသူများအား ရည်စူးကောင်းမှု ကုသိုလ်ပြု

သံဖြူဇရပ် ဧပြီ ၂၉

ဒုတိယကမ္ဘာစစ်အတွင်း သံဖြူဇရပ်ချွေးတပ်စခန်းတွင် ရထားလမ်းဖောက်လုပ်ရင်းကွယ်လွန်ခဲ့ကြသည့် မြန်မာလူမျိုးချွေးတပ်သားများအား ရည်စူး၍ ကုသိုလ်ကောင်းမှုပြုလုပ်ခြင်းနှင့် မေတ္တာပို့ဆုတောင်းပွဲကို ဧပြီ ၂၈ ရက်က မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ ဓမ္မာရာမတောရရွှေကျင်ကျောင်းတိုက်၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက သံဖြူဇရပ်မြို့နယ် ဓမ္မာရာမတောရရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မရက္ခိတာလင်္ကာရ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စာသင်သံဃာ ၁၀၈ ပါးတို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၃ ခုနှစ်တွင် မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာမှ ထိုင်းနိုင်ငံ ဘန်ပေါင်ဘူတာသို့ ဆက်သွယ်ထားကာ အရှည် ၂၅၈ မိုင် (၄၁၅ ကီလိုမီတာ)ရှိ ရထားလမ်းကို ဖက်ဆစ်တို့က ဖောက်လုပ်ခဲ့သည်။ ရထားလမ်းဖောက်လုပ်ချိန် ၁၃ လကြာကာလအတွင်း စက်ယန္တရားမပါဘဲ မြန်မာနိုင်ငံသားများအပါအဝင် အခြားနိုင်ငံသား ချွေးတပ်သားများဖြင့် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းဖောက်လုပ်ရာတွင် ပင်ပန်းဆင်းရဲမှုဒဏ်ကြောင့် မြန်မာနိုင်ငံသား ချွေးတပ်သားလေးသောင်းခန့် သေဆုံးခဲ့သည်ဟု သိရသည်။



သေဆုံးခဲ့သော မြန်မာချွေးတပ်သားများအား ရည်စူး၍ ဆရာတော်သံဃာတော်များအား အလှူအတန်းပြုလုပ်ပြီး ရေစက်သွန်းချအမျှဝေခြင်းနှင့် မီးရထားလမ်းဖောက်လုပ်ခဲ့သည် သံဖြူဇရပ်မြို့နယ် ရထားလမ်းအဆုံးသတ်နေရာ၌ မြို့နယ်မှတာဝန်ရှိသူများနှင့် အလှူရှင်များက ဆုတောင်းမေတ္တာပို့ပြီး အမျှအတန်းပေးဝေခဲ့ကြောင်း သိရသည်။

KMKD

# စဉ့်ကူးမြို့၌ မြို့ဦးရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ



စဉ့်ကူး ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသည့် မြို့ဦးရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြည်ညိုခြင်း၊ အသစ်ကပ်လှူပူဇော်မည့် သုံးဆင့်ထီးတော်၊ စိန်ဖူးတော်နှင့် အရံစေတီထီးတော်များအား နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးရှင်းသန့်လွင်နှင့် တာဝန်ရှိသူများ၊ စဉ့်ကူးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)



နိုင်ငံတော်ကဆက်ကပ်လှူဒါန်းသည့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မင်္ဂလာကံဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ အရှင်သူမြတ်အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို အဆိုပါကျောင်းတိုက် သစ္စာဓမ္မာရုံ၌ ဧပြီ ၂၈ ရက်က ကျင်းပရာ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ ဘွဲ့တံဆိပ်တုံးနှင့် အဆောင်အယောင်များအား ဆက်ကပ်စဉ်။

နေဝင်းမြင့်(ပြန်/ဆက်)

# ကလောမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော ဧပြီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီက ရွှေကံသာဆုတောင်းပြည့်စေတီတော်ပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကလောမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းဇော် ဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၀ နှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် ၁၅ ဦး စုစုပေါင်း ၃၅ ဦးတို့က ရွှေကံသာဆုတောင်းပြည့်စေတီတော်ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)





# အောင်လံမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

အောင်လံ ဧပြီ ၂၉

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်လံမြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက် နံနက်ပိုင်းတွင် မြို့ကျက်သရေဆောင် မြသိန်းတန်ဘုရားစေတီတော်နှင့် ရင်ပြင်တော်အား သန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်း ဦးဆောင်၍ သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ခန့်က မြသိန်းတန်ဘုရားစေတီတော်နှင့် ရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုခန့်



# မြဝတီမြို့၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မြဝတီ ဧပြီ ၂၉

ကရင်ပြည်နယ် မြဝတီမြို့တွင် ယနေ့နံနက်ပိုင်းက ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော် ဦးဆောင်၍ စက်သုံးဆီအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်သုံးဆီအရောင်းဆိုင်မှ ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ ပြည့်ဖြိုးဝေ BOC စက်သုံးဆီအရောင်းဆိုင်နှင့် မြို့ပေါ်ရပ်ကွက်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးဖြိုးမင်းဇော်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ဦးဖြိုးမင်းဇော်ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုပုံနှင့် မီးငြိမ်းသတ်ရေယာဉ်ဖြင့် Foam အမြှုပ်ဆေးရည်ဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ဆောင်ရွက်ခဲ့ကြကာ စက်သုံးဆီအရောင်းဆိုင်မှ တာဝန်ရှိသူများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ စတုတ္ထအကြိမ်မြောက် သက်အမျိုးသားနေ့ အထိမ်းအမှတ်ကျင်းပနိုင်ရေး စည်းဝေး

ရန်ကုန် ဧပြီ ၂၉

မေ ၁ ရက်တွင် ကျရောက်မည့် စတုတ္ထအကြိမ်မြောက် သက်အမျိုးသားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သက်အမျိုးသားနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်(၉၀)ရပ်ကွက်၌ ရန်ကုန်မြို့ရှိ သက်လူမျိုးများက အစည်းအဝေးကို ယမန်နေ့တွင် ပြုလုပ်သည်။

ဦးစွာ သက်အမျိုးသားနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌက ရှာဟန်း၊ သံဃာအရှင်သူမြတ်များအား ဆွမ်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား သက်ကြီးပူဇော်ကန်တော့ခြင်း၊ သက်လူမျိုး မျိုးဆက်သစ်ကလေးငယ်များအား သက်ဘာသာစကားဖြင့် စကားပြောစွမ်းရည် ပြိုင်ပွဲပြုလုပ်ခြင်းနှင့် ထူးချွန်ကျောင်းသူတစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

စတုတ္ထအကြိမ်မြောက် သက်အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မင်းသိန်းထွန်း

## မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဓာတ်အားခွဲရုံများအား လှည့်လည်ကြည့်ရှုစစ်ဆေး

မော်လမြိုင် ဧပြီ ၂၉

မွန်ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့နယ်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ၂၃၀/၆၆ ကေဗွီ၊ (၁၀၀ + ၁၀၀) အမ်ဗွီအေမော်လမြိုင်ပင်မဓာတ်အားခွဲရုံသို့ သွားရောက်၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ Myanmar Lighting Power Co.,Ltd (IPP) ထုတ်လွှတ်သည့် ဓာတ်အားကို ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားလက်ခံရယူပြီး ၂၃၀ ကေဗွီမော်လမြိုင်-ဘားအံဓာတ်အားလိုင်းမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ဓာတ်အားပို့လွှတ်မှု အခြေအနေများ၊ ၆၆ ကေဗွီဓာတ်အားလိုင်းများဖြင့် မော်လမြိုင်ခရိုင်အတွင်းရှိ မြို့များသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဓာတ်အားလွှတ်ပစ္စည်းများ ချို့ယွင်းမှုဖြစ်၍ ဓာတ်အားပြတ်တောက်ရခြင်းမျိုး မဖြစ်ပေါ်စေရန်အတွက် ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၆၆/၃၃ ကေဗွီ၊ (၃၀+၃၀)အမ်ဗွီအေ၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ငန်းတေးဓာတ်အားခွဲရုံ၊ ၆၆/၁၁ ကေဗွီ၊ ၃၀ အမ်ဗွီအေ မော်လမြိုင်(တောင်) ဓာတ်အားခွဲရုံ၊ ၆၆/၁၁ ကေဗွီ ၃၀ အမ်ဗွီအေ မော်လမြိုင်(မြောက်) ဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ အတ္ထရံ ဓာတ်အားခွဲရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



စည်သူ(ပြန်/ဆက်)

## အကြိမ်(၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ဘဏ် အစည်းအဝေးခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။



အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီများက မိမိတို့၏ လုပ်ငန်းကော်မတီ အလိုက် ရှင်းလင်းတင်ပြကြရာ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဦးကျော်သန်းက တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါပြိုင်ပွဲကို မေ ၁၄ ရက်မှ ၁၈ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမတွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ၊ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲကျင်းပမည့် အမျိုးအစား ၂၂ မျိုးနှင့် ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စောလှိုင်ဝင်း

## ရပ်စောက်မြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ပညာပေးကွင်းသရုပ်ပြ

ရပ်စောက် ဧပြီ ၂၉

စိုက်ပျိုးရေးဦးစီးဌာနသီးနှံကာကွယ်ရေးဌာနခွဲက ဦးဆောင်မှုဖြင့် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ဟွေးကျေးရွာအုပ်စု နောင်မိုင်းကွင်း၌ တောင်သူ ဦးတင့်ထူးဇော်ပါ သုံးဦး၏ ပဲပုပ်သီးနှံ ၁၀ ဧကစိုက်ခင်းတွင် တောင်သူများပါဝင်သော ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်သည့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ပညာပေးကွင်း သရုပ်ပြပွဲကို ဧပြီ ၂၇ ရက်က ကျင်းပသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဒေါ်စန္ဒာလင်းက အဖွင့်အမှာစကားပြောကြားပြီး သီးနှံကာကွယ်ရေးဌာနခွဲက လ/ထညွှန်ကြားရေးမှူး ဒေါက်တာခင်အေးပွင့်ခိုင်က ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက်ပညာပေးစံပြကွက်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် Unique ID နံပါတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ကြို့ပင်ကောက် ဧပြီ ၂၉

ကြို့ပင်ကောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းနှင့် UID နံပါတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက နွယ်ခွေရပ်ကွက် အောင်မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။



နိုင်ငံသားစိစစ်ရေးကတ်များ ၊ UID Smart Card များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ပြုလုပ်ပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID အချက်အလက် ကောက်ယူခြင်းများကို သက်ဆိုင်ရာမြို့နယ်ရုံး၌ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် သက်ဆိုင်ရာ ရပ်ကွက်များအလိုက် မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဇေယျာထွန်း (ကြို့ပင်ကောက်)

### ❂ လက်ရှိမှ

အခုပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းနဲ့အတူ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဗာရက်ခ်ီလီယာကတော့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှာ ပီအက်စ်ဂျီအသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ချန်ပီယံလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၁၃ ဂိုး၊ ဂိုးဖန်တီးမှု ခုနစ်ကြိမ်နဲ့ ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၂၀ အထိရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းအနေနဲ့ ဘိုင်ယန်မြူးနစ် အသင်းကို ငါးဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ် ကိုးပွဲမှာ သွင်းဂိုးနှစ်ဂိုးနဲ့အထက် သွင်းယူနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ဘိုင်ယန်မြူးနစ်အသင်းဟာ ပီအက်စ်ဂျီ အသင်းကို ချန်ပီယံလိဂ်ဆီးမီးဖိုင်နယ်ပထမအကျော့ ပွဲစဉ်မှာ ရှုံးနိမ့်ခဲ့ပေမယ့် ဒုတိယအကျော့မှာ အနိုင်ရှိခဲ့ပါက ယခုဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးအထိ ရယူနိုင်မယ့် အခွင့်အရေးလည်းရှိနေတာ ဖြစ်ပါတယ်။

ငွေကြယ်



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စားအုန်းဆီ လက်လီလက်ကားရောင်းချသည့်ဆိုင်များအား အလေးချိန် ပြည့်ဝစေရေး၊ သတ်မှတ်ရည်ညွှန်းဈေးအတိုင်းရောင်းချစေရန်အတွက် ဧပြီ ၂၈ ရက်က မြို့နယ်စားအုန်းဆီကြီးကြပ်မှုအဖွဲ့နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မအူပင်မြို့နယ်အတွင်း စားအုန်းဆီ ဖြန့်ဖြူးရောင်းချနေသည့် လက်လီလက်ကားဆိုင်များအား မြေပြင်ကွင်းဆင်း စစ်ဆေးစဉ်။ အောင်မြင့်မြတ် (ပြန်/ဆက်)

### ❖ ကမ္ဘောဇလားမှ

စတင်စခန်းဝင်လေ့ကျင့်ခဲ့ပြီး သကြၤန်ကာလအပြီးကျင်းပသည့် မြန်မာပလာဇာ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကစားသမားများအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။ ကမ္ဘောဇလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အင်အားကြီးအသင်းအများစုပါဝင်မည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်းအသင်းအနေဖြင့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲအပြီး ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာပိုက်ကျော်ခြင်းအသင်းတွင် အုပ်ချုပ်သူ ဦးမြင့်လွင်ဌေး၊ နည်းပြ ဦးကျော်မင်းစိုး၊ ဦးအောင်မျိုးဆွေ၊ ကစားသမားများအဖြစ် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ အောင်မျိုးကျော်၊ ချစ်လွန်းပို၊ ရှိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦး၊ မင်းသန့်သူ၊ ဟန်ဝင်းထွဋ်၊ ရဲထက်၊ အောင်အောင်၊ သက်ပိုင်စိုးနှင့် ရှင်းသန့်တို့ ပါဝင်ကြသည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် လေးယောက်တွဲပြိုင်ပွဲတွင် ဇင်မင်းဦး၊ သန့်ဇင်ထွန်း၊ အောင်မျိုးကျော်၊ ချစ်လွန်းပို၊ ရှိန်းဝဏ္ဏဇော်၊ ရန်ပိုင်ဦး၊ သုံးယောက်တွဲပြိုင်ပွဲတွင် မင်းသန့်သူ၊ ဟန်ဝင်းထွဋ်၊ ရဲထက်၊ အောင်အောင်၊ သက်ပိုင်စိုးတို့ဖြင့် ယှဉ်ပြိုင်ရန် ရွေးချယ်ထားပြီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင်မူ ရွေးချယ်သွားသည့် ကစားသမား ၁၂ ဦး၏ ခြေစွမ်းအပေါ်မူတည်ပြီး ယှဉ်ပြိုင်စေမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MSTAF

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် အသုံးပြုရန် အောက်ဖော်ပြပါ ပစ္စည်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ရောင်းချမည့်တင်ဒါပစ္စည်းများ -

(၁) စက်ပစ္စည်း
(၂) ရုံးသုံးစက်ကိရိယာများ
(၃) ရုံးသုံးပရိဘောဂများ
(၄) အခြားရုံးသုံးပစ္စည်းများ

၃။ (က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၅-၅-၂၀၂၆ ရက် (အင်္ဂါနေ့) ရုံးချိန်အတွင်း
(ခ) အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - ၁၈-၅-၂၀၂၆ ရက် (အင်္ဂါနေ့) ညနေ (၄:၀၀)နာရီ
(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ထပ်မံကြေညာပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်မင်္ဂလာဒုံ လမ်းမကြီး၊ အောင်ဆန်း (၁)ဂိတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ဖြစ်ပြီး သိရှိလိုသည်များ စုံစမ်းလိုပါက (၀၉-၇၆၅၀၅၆၉၄၆၊ ၀၉-၅၀၉၂၄၃၈၊၀၉-၄၅၀၀၄၀၉၇၈)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ဟဂ်ျခရီးစဉ်ဝန်ဆောင်မှု တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ ဟဂ်ျခွဲတမ်း ၃၅၀ ဦးအတွက် ဟဂ်ျခရီးစဉ်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး အသိအမှတ်ပြု (မော်နာဇင်ကတ်)ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉၂၀၃၈၅၆၃ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်- ၁၈၄၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၈၁၄၆)တွင်လည်းကောင်း၊ ၁-၅-၂၀၂၆ ရက်နေ့မှ ၃-၅-၂၀၂၆ ရက်နေ့အထိ ၉:၃၀ အချိန်မှ ၁၆:၃၀ အချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီး ချိပ်ပိတ်၍ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ (ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့) တွင် ၄-၅-၂၀၂၆ ရက်နေ့(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံးထား တင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄:၀၀ အချိန် (မွန်းလွဲ ၂ နာရီ)တိတိ၌ အစည်းအဝေးခန်းမ၊ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်၌ တင်ဒါဖွင့်လှစ် စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည် ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန်ကျော်လွန်မှတင်သွင်းသော တင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက်များနှင့် ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံရွေးချယ်မည်မဟုတ်ပါ)

**၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်းတောင်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၂၃)၊ (၁)ခန်းတည်း (၆)ထပ်တိုက်၏ တတိယထပ်၊ (၄)လွှာ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးကျော်စိုးမင်း [၆/ကသန(နိုင်)၁၄၉၀၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနိုင်ဦးကိုကို[၁၂/လသယ(နိုင်)၀၅၁၇၅၄]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB)** — **ဒေါ်ယုဇနကို(LL.B,PGDB)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** — **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ နေမျိုးကျော်ခေါင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ်(၁၇၄)၊ အကျယ်အဝန်း (၆၀x၆၀)ပေရှိ ဒေါ်မြသန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** အရောင်းအဝယ်အရပ်ကတိစာချုပ် အဆက်စပ်ဖြင့်ဝယ်ယူ၍ တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဦးအောင်မျိုးတင့်ဆွေ [၁၂/ရပသ(နိုင်)၀၅၂၁၂၂]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်သီရိယုဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ကျောက်တံတားမြို့နယ်။**
**၀၉-၄၂၅၂၈၆၀၄၂/၀၉-၇၆၀၈၁၁၇၇၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွက်ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တရားဝင် အသိအမှတ်ပြု လိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(၁) ကျောင်းသူ (၁၆၈)ဦးဆံ့ ကျောင်းသူဆောင်သံပန်း၊ သံတံခါးတပ်ဆင်ခြင်း။( 5382 Sq-ft)
(၂) စာသင်ဆောင်(မင်းသုတ)ဆောင်ဆေးသုတ်ခြင်း(အလျား ၁၀၀ပေx အနံ၃၀ပေx အမြင့်၄၅ပေ)
(၃) ဘရဏီဆောင်မျက်နှာစာရှေ့ ခြင်းလိပ်ကာရံခြင်း၊ သံပန်း Slide door တပ်ဆင်ခြင်း(၂၂၂၀ပေ)
(၄) တက္ကသိုလ်ပုရဝုဏ်အတွင်းရှိ တော်ဝင်လမ်းအုတ်တံတိုင်းအတွင်း/အပြင်ပြုပြင်ဆေးသုတ်ခြင်း(၇၃၈၂ ပေ)
(၅) ပညာအလင်းရောင်ဆောင်(အလျား ၁၂၀ ပေ x အနံ ၄၀ ပေ)နှင့် စာသင်ဆောင်များ Sunshade တပ်ခြင်း
(၆) ပင်မဆောင်ဆေးသုတ်ပြုပြင်ခြင်း(အလျား ၁၅၀ ပေ x အနံ ၁၃၀ ပေx အမြင့် ၃၀ ပေ)

၂။ (က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၅-၅-၂၀၂၆ ရက် (အင်္ဂါနေ့) ရုံးချိန်အတွင်း
(ခ) အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - ၁၈-၅-၂၀၂၆ ရက် (အင်္ဂါနေ့) - ညနေ(၄:၀၀)နာရီ
(ဂ) တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ထပ်မံကြေညာပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့် တင်ဒါတင်သွင်းရမည့် လိပ်စာမှာ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း (၁)ဂိတ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်မြို့ဖြစ်ပြီး သိရှိလိုသည်များ စုံစမ်းလိုပါက (၀၉-၇၆၅၀၅၆၉၄၆၊ ၀၉-၅၀၉၂၄၃၈၊ ၀၉-၄၅၀၀၄၀၉၇၈)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၁၆ ရပ်ကွက်၊ ကျောက်ဝိုင်းတွင်နေထိုင်သူ ဒေါ်ဆုရည်ဖြိုး [၉/မဟမ(နိုင်)၀၆၉၀၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုရည်ဖြိုးသည် (al ehisying) Facebook account NAIL STUDIO, Su Yee Phyo (Tiktokaccount)အား လွန်ခဲ့သော ၂၀၂၂ ခုနှစ်ကျော်ခန့်ကတည်းက စတင်ဖွင့်လှစ်၍ ကောင်းမွန်သောဂုဏ်သတင်းဖြင့် နာမည်ပျက်မရှိဘဲ အသုံးပြုလာသည်မှာ ယနေ့ထိတိုင်ဖြစ်ပါသည်။ ယခုအခါတွင် တချို့သောသူများမှ ကျွန်ုပ်၏ မိတ်ဆွေ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို အသုံးပြု၍ ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏ မိသားစုများကို ထိခိုက်နစ်နာစေမှန်းသိလျက်နှင့် အသရေပျက်စေရန်၊ ဂုဏ်သိက္ခာကျဆင်းစေရန်၊ လုပ်ငန်းကိစ္စများထိခိုက်စေရန် တမင်ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန်သတင်းနှင့် အကြောင်းအရာများကို လိုက်လံပေးပို့ခြင်းနှင့် လူမှုကွန်ရက်အားအသုံးပြု၍ သတင်းဖြန့်ဝေခြင်း၊ အကောင့်တုများဖြင့် စွပ်စွဲပြောဆိုဂုဏ်သိက္ခာကျစေရန် လုပ်ဆောင်မှုများ ပြုလုပ်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏မိသားစုများကို ထိခိုက်နစ်နာသော မဟုတ်မမှန်သတင်းနှင့် စာများကို Social Media အသုံးပြု၍ဖြစ်စေ၊ လူမှုဝန်းကျင်၌ ဖြစ်စေပြောဆိုခြင်း၊ ရေးသားခြင်းများ လုံးဝမပြုလုပ်ရန် တားမြစ်အပ်ပါသည်။ အကယ်၍ သတိပေးတားမြစ်ချက်အား လိုက်နာခြင်းမရှိဘဲ ခြိမ်းခြောက်ခြင်း၊ အသရေဖျက်ခြင်းများစသည့် အခြားပုဂ္ဂိုလ်ရေးဆိုင်ရာ နှောင့်ယှက်မှုများ ပေါ်ပေါက်လာပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုရည်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိသဇင်မြင့် (LL.B, D.B.L, D.Eng)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၂၇)**
**(၇)လမ်းနှင့် ကိုင်းတန်းလမ်းထိပ်၊ အနော်ရထာလမ်းမကြီး၊**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၉၄၄၁၅၉၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀)
## ဒလမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅

ဒေါ်နီနီလွင် — နှင့် — ဒေါ်မာသီ
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ လူနေရပ်ကွက်အမှတ် ကမာကသွယ်၊ မြေကွက်အမှတ် (၁၇၁၈)၊ ကျန်စစ်သားလမ်းနေ ဒေါ်မာသီ သိစေရမည်။

တရားလိုက သင့်အပေါ်၌ ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ မေလ (၁၈)ရက် (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းခွင့် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၂၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ပိုင်ဦး)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Electronics ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၁၄-၅-၂၀၂၆ ရက်နေ့ နံနက် (၁၀:၀၀) နာရီ၊
(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
(ဂ) ပစ္စည်းအမျိုးအမည် - Electronics ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်ဆောက် ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် အထွေထွေကုန်ပစ္စည်းများ၊
(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့်လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၆-၅-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်၊
(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား ၈-၅-၂၀၂၆ ရက်နေ့မှ ၁၂-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက် (၁၀:၀၀)နာရီမှ ညနေ (၁၆:၀၀)နာရီအထိ (၃)ရက် ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၄၂၀၀၀၅၉၂၀) နှင့် (၀၉-၂၅၄၀၇၃၃၀၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ ရှမ်းလမ်း (ဗဟိုလမ်း)၊ အမှတ် (၂၀၇)ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ၃-လွှာ၊ (ဒုတိယထပ် - ခေါင်းရင်းခန်း)၊ (တိုက်မျက်နှာမူလျှင် - ဘယ်)၊ အကျယ်အဝန်း (၁၅ x ၆၀) ပေခန့်ရှိ ရေမီးအစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား မြေရှင်များနှင့် ကန်ထရိုက်တို့ အကျိုးတူကန်ထရိုက်တိုက် ဆောက်လုပ်ရာမှ ကန်ထရိုက်တာ ဦးလှထူး [၁၂/ကတတ(နိုင်)၀၀၄၉၂၀]မှ တရားဝင်ပိုင်ဆိုင်လာခဲ့ပြီး အဆိုပါတိုက်ခန်းအား ကန်ထရိုက်တာထံမှ ဒေါ်သန်းသန်းနု (ကေအမ်ပိုင်တီ- ၀၁၀၇၃၆) [၁၂/လမန(နိုင်)၀၂၄၅၈၅]က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်သန်းသန်းနုထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈/၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆) လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-799933939, 09-789877799**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ (၁)လမ်း၊ အမှတ်- (၂၆၂/က)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း (၁၈x၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အရပ်ရပ် အကျိုးခံစားခွင့်အား တရားဝင်ပိုင်ဆိုင်ထားသူဖြစ်သည့် ဒေါ်တင်မိုးဟန် [၁၂/သဃက(နိုင်) ၀၀၂၈၇၁]မှ တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အမွေစားအမွေခံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေများက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၇၇၀)**
**အမှတ်- ၆၇၈၊ ဣန္ဒာ (၆)လမ်း၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၂၅၀၁၇၂၉၁၉**

## ဒေါ်သင်းသင်းခိုင် [၆/ထဝန(နိုင်) ၀၀၈၆၉၆]နှင့်
## ဦးမိုးကျော်သူ [၆/ထဝန (နိုင်) ၀၀၈၂၉၆] ကိုင်ဆောင်သူနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇာဓိရာဇ်အိမ်ရာ၊ အမှတ် (၂၆၃) ပထမထပ်၊ အခန်းအမှတ် (၁၀၁)နေ ဦးကိုကိုလေး [၆/ထဝန(နိုင်)၀၀၈၂၉၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်သင်းသင်းခိုင်၊ မောင်ဖြစ်သူ ဦးမိုးကျော်သူတို့နှင့် အများသိစေရန် ကြေညာပါသည်။

ဦးကိုကိုလေး နှင့် ဇနီး ဒေါ်မြသန်းတို့မှ သားသမီး (၈)ဦးမွေးဖွားခဲ့ရာ (၁) ဒေါ်သင်းသင်းခိုင်၊ (၂) ဦးမိုးကျော်သူ၊ (၃) ဒေါ်စုစုခိုင်၊ (၄) ဦးမင်းကျော်သူ၊ (၅) ဒေါ်သောင်းသောင်းခိုင်၊ (၆) ဦးမြတ်ကျော်သူ၊ (၇) ဒေါ်လေးလေးခိုင်၊ (၈) ဒေါ်ခိုင်ကလျာချောတို့ (၈)ဦးမွေးဖွားခဲ့ပါသည်။ ဦးကိုကိုလေးနှင့် ဇနီး ဒေါ်မြသန်းတို့က မွေးဖွားခဲ့သော သမီးအကြီး ဒေါ်သင်းသင်းခိုင်သည် သားသမီးဝတ္တရားမကျေပွန်သည့်အပြင် မိဘများကို အကြိမ်ကြိမ် စိတ်အနှောင့်အယှက်ပေးခြင်း၊ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်းများကြောင့် ဒေါ်သင်းသင်းခိုင်အား သမီးအကြီး ဩရသအဖြစ် မသတ်မှတ်နိုင်ကြောင်း၊ ဩရသအခွင့်အရေးကိုလည်း ရရန်မရှိကြောင်း ဒေါ်သင်းသင်းခိုင်နှင့် အများသိစေရန် အသိပေးကြေညာပါသည်။ ဒုတိယသားဖြစ်သူ ဦးမိုးကျော်သူမှာလည်း ဖခင်အား ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အပြင် ဖခင်အား ကိုယ်ထိလက်ရောက်ပြုမှုသည့်ကိစ္စများရှိခဲ့သဖြင့်လည်းကောင်း၊ မိဘများ၏ပစ္စည်းများကို ကိုယ်ကျိုးရယူထားသည့်အတွက်လည်းကောင်း ဦးမိုးကျော်သူအတွက် ပစ္စည်းရပိုင်ခွင့်အခွင့်အရေးခွဲဝေပေးရန် တစ်စုံတစ်ရာမကျန်ရှိကြောင်း ဆွေမျိုးမိတ်ဆွေများနှင့် အများသိစေရန် အသိပေးကြေညာပါသည်။ ဒေါ်သင်းသင်းခိုင်သည် ဩရသသမီးမဟုတ်ဘဲ ဩရသအခွင့်အရေးနှင့်မသက်ဆိုင်သော ကိုယ်ကျိုးရယူသုံးစွဲထားသည့်ပစ္စည်းများ၊ ငွေကြေးများကို မိဘနှစ်ပါးနှင့် ကျန်အမွေဆိုင်များမသိအောင် ကိုယ်ကျိုးရယူဆောင်ရွက်ထားခြင်းများ အကြိမ်ကြိမ်ရှိပါသဖြင့် ဒေါ်သင်းသင်းခိုင်သည် ဩရသသမီးမဟုတ်ကြောင်း၊ အမွေခံထိုက်သူမဟုတ်ကြောင်း၊ ဦးမိုးကျော်သူမှာလည်း အမွေခံထိုက်သူမဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးသန်းဦး** | **ဒေါ်ခင်နွဲ့ရီ** | **ဦးတင်ထွဋ်ဇော်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **စဉ်- ၃၅၁၁/၈၅** | **စဉ်- ၅၉၅၂/၉၃** | **စဉ် - ၅၄၁၆၁/၂၁** |

**အမှတ်(၂၈)၊ လှော်ကားလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မေ လ ၃၀ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဋ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၂) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (**၉၈၁၈၁၆**) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း (**၉၈၁၈.၁၆၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၆၈၇၂.၇၁၂**) ဖြစ်ပါသည်။ (၈၅) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၂၀၀**) အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၆၈၇၂.၉၁၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းသုံးထောင် | = | (၁) | ဆု |
| | (၃) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၉) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၉) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၀) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၂) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၃) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၂၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၅၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၃၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၅-၂၀၂၆) ရက်နေ့ (သောကြာနေ့)၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၃၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

### “အများသိစေရန်ကြေညာချက်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ မြေကွက်အမှတ်(၃၉၂)၊ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၇၉-ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ်-၃၉၂ ဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးကျော်ကျော်ဦး [၁၂/ခရန(နိုင်)၀၈၉၉၀၂]အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ အမည်ပေါက် ဦးကျော်ကျော်ဦးက မြေကွက်နှင့်တကွ နှစ်(၆၀)ဂရန်မူရင်း၊ မှတ်ပုံတင်မူရင်းတို့အားပြသပြီး ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း၊ လက်ရှိထား စီမံခန့်ခွဲလျက်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ရေးပိုင်ခွင့်/ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုသန္တာဝင်း (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၉၈)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၃၀၃၁၁၅၀၊ ၀၉-၇၉၉၂၈၂၆၉၂**

### အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံရပ်ကွက်၊ ဦးစံဖေလမ်း၊ အမှတ်(A)ရှိ (၁၅' x ၁၅') မြေညီထပ်တိုက်ခန်းနှင့် ရေသီးသန့်၊ မီတာသီးသန့်အပါအဝင်ကို အရပ်စာချုပ်ဖြင့် ဒေါ်သဇင်တင်မောင် [၁/မကတ (နိုင်)၀၅၂၄၅၆]မှ ပိုင်ဆိုင်ထားကြောင်း ဝန်ခံ၍ ရောင်းချရာ၌ ဦးမဟိန်ဒါရ် [၇/ဖမန(နိုင်)၁၉၆၄၁၅]မှ ဝယ်ယူ၍ သဘောတူညီပါ၍ (၂၆-၄-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမဟိန်ဒါရ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**၀၉ - ၄၃၀၇၃၃၁၈၊ ၀၉ - ၇၈၅၀၁၁၁၅၃**

### အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ (၅၅)လမ်း၊ အမှတ်(၁၅)ရှိ အကျယ်အဝန်း (၂၅ x ၈၀)ပေ တိုက်ခန်းနှင့် ရေသီးသန့်၊ မီတာသီးသန့်၊ ဓာတ်လှေကားအပါအဝင်ကို ဦးကိုကိုကြီး [၁၂/ဗတထ(နိုင်)၀၂၉၆၁၁]မှ ပိုင်ဆိုင်ကြောင်းဝန်ခံ၍ ရောင်းချရာ၌ ဦးအာမီဒူရော်မာန် [၁၁/မတန(ပြု)၀၀၂၉၇၉]မှ ဝယ်ယူရန် သဘောတူညီပါ၍ (၂၆-၄-၂၀၂၆) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအာမီဒူရော်မာန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိလတ်ဖြိုး**
**အထက်တန်းရှေ့နေ (စဉ်-၃၀၈၀၇)**
**၀၉-၄၃၀၇၃၃၁၈၊ ၀၉ - ၇၈၅၀၁၁၁၅၃**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စံပြဥယျာဉ်ဈေးရုံအမှတ်(ဃ)၊ ဆိုင်အမှတ်(၁၁၀/၁၁၁) ဆိုင်ခန်းအငှားချထားခြင်းခံရသူ ဒေါ်မြဝင်း [၁၂/လကန(နိုင်)၀၃၃၅၈၄]၏ ဆိုင်ခန်းမှတ်ပုံတင်စာအုပ် အမှတ်(S-65159. S-65160) စာအုပ်(၂)အုပ် ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဈေးတာဝန်ခံ၊ စံပြဥယျာဉ်ဈေး။**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဖုန်း-၀၉-၅၀၄၉၈၄၄**

### အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃)
### သန်လျင်ခရိုင်တရားရုံးတော်

**၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၄**
**ကွယ်လွန်သူ ဦးအောင်တင်လတ်၌ ကျန်ရစ်သောပစ္စည်းအကြောင်း။**
**ဦးအောင်သူမြတ် လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၁/ရပ်ကွက်၊ ဇေယျာသီရိ(၅)လမ်း၊ အမှတ်(၅၈၃)နေ ဦးအောင်သူမြတ်က ကွယ်လွန်သူ ဦးအောင်တင်လတ်၏ သားအရင်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ၃၁/ရပ်ကွက်၊ ဇေယျာသီရိ(၅)လမ်း၊ အမှတ် (၅၈၃)နေ ၎င်းကွယ်လွန်သူ ဖြစ်သော ဦးအောင်တင်လတ်မှာ ကျန်ရစ်သော မရွှေ့မပြောင်းနိုင်သော အမွေပစ္စည်းဖြစ်သည့် လယ်မြေအား ရောင်းချ၍ ၎င်းချေးယူခဲ့သည့် ကြွေးမြီအပေါ် ပေးဆပ်ရန်အတွက်လည်းကောင်း၊ မိသားစုစီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းဆောင်တာများ လုပ်ဆောင်ရန်၊ သေဆုံးသွားသော မိဘနှစ်ပါးနှင့် ညီ(၂)ဦးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများပြုလုပ်ရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူဖြစ်သော ဦးအောင်တင်လတ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက် (၁၃၈၈ ခုနှစ်၊ ကဆုန်လဆုတ် ၁၁ ရက်)နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးအောင်သူမြတ်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စည်သူထွန်း)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**သန်လျင်ခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ ရတနာသိခ်လမ်း၊ တိုက် အမှတ် (၁၉)၊ အခန်းအမှတ် (၂၀၄) တိုက်ခန်းအားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးနိုင်လင်း (ဘ)ဦးကျော်လှ (၁၄/ဒဒရ(နိုင်) ၁၂၇၇၉၂) ထံမှဝယ်ယူရန် ကျွန်ုပ်မှစရံငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်စန္ဒာအောင် (၁၂/သဃက(နိုင်)၀၃၅၂၄၅)
အမှတ်(၅၃၁)၊ မြတ်လေးလမ်း၊ (၇၂)ရပ်ကွက်
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ၀၉ ၄၄၃၁၀၆၅၇၄

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်/တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၆၃) ပေါ်တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း ဓာတ်လှေကားပါ (၆)ထပ်တိုက်၏ ပထမထပ်၊ (၂လွှာ)၊ အကျယ်အဝန်း(၂၅x၇၀)ပေရှိ တိုက်ခန်း(တစ်)ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆုမြတ်နိုး[၁၂/မဂဒ(နိုင်)၁၄၇၄၅၇]အား ကျွန်ုပ်၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင် နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**အမှတ်(၈၆)၊ ၇-လွှာ(စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စိန်ကျင် (မြိတ်မြို့)

### အသက်(၉၃)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးထွန်းကျင်-ဒေါ်ဘုတ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် (၁၉/B)၊ မြေညီထပ်နေ (ဦးအိုထူး)၏ ဇနီး၊ (ဦးမြင့်သိန်း)-ဒေါ်ဝင်းကြူ၊ ဦးတင်ထွန်း-ဒေါ်ဝင်းမူ၊ ဒေါ်ဝင်းသွယ်၊ ဒေါ်ဝင်းသန်း၊ ဦးအောင်မြင့်-ဒေါ်ခင်မျိုးဝင်း၊ (ဦးဝင်းဇော်)-ဒေါ်မွေးမွေးတို့၏ မိခင်၊ မြေး ၁၁ ယောက်၊ မြစ် နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်စိန်ကျင်သည် ၂၈-၄-၂၀၂၆ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၅-၂၀၂၆ (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ဦးပိုင်အမှတ် (၁၅/၄)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ကြေးတိုင်ပြင်)၊ ဧရိယာ(၀.၂၄)ကေရှိ မြေနှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၄)၊ ဦးပိုင်အမှတ် (၁၅/၄)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(ကြေးတိုင်ပြင်)၊ ဧရိယာ (၀.၂၄)ကေရှိ မြေနှင့် ယင်းမြေများပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးမိုးအောင် [၁၂/ရကန(နိုင်) ၀၀၀၆၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်ဝင်းရတနာလှိုင်** |
| **LL.B, D.B.L, D.M.L, D.I.L, D.C.W.E** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်- ၈၅၅၈)** | **(စဥ်- ၁၉၀၀၆)** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၄၂၅၃၅၈၂၇၀**

---

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)၏ အတည်ပြုမိန့်အမှတ် (ရကတ-၁၁၂/၂၀၁၈) ပြန်လည်အပ်နှံခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်မောင်လေး[၁၂/လမတ(နိုင်)၀၂၀၅၆၇] ပိုင်ဆိုင်သော မြေကွက်အမှတ် (စီ-၁၁)၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၇၅၊ ကျီစုစက်မှုဇုန်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေကွက်နှင့်အဆောက်အဦအား ငှားရမ်း၍ HYDRAKNIGHT MYANMAR CO., LTD မှ CMP စနစ်ဖြင့် ရေစိုခံအိတ်အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC)၏ အတည်ပြုအမိန့်ဖြင့် တရားဝင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ ကုမ္ပဏီ၏ဒါရိုက်တာဖြစ်သူ MR. LIEN, CHIEN-PING သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ(YRIC)သို့ အတည်ပြုမိန့်အား ပြန်လည်အပ်နှံခြင်းမရှိဘဲပြည်ပသို့ပြန်သွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြေပိုင်ရှင် ကျွန်ုပ်မိတ်ဆွေ ဦးမောင်မောင်လေးမှ အထက်ပါကုမ္ပဏီမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ- ၆၈ အရ အခွန်အကောက်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သောစက်ပစ္စည်းများအတွက် အကောက်ခွန်ပေးသွင်းခြင်းနှင့် နောက်ဆုံးစည်းကြပ်နှစ်အထိ ဝင်ငွေခွန်ရှင်းလင်းခြင်းတို့အား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC)၏ အတည်ပြုမိန့်လိုင်စင်အား ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုစာရင်းမှ ပယ်ဖျက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီသို့ ကျွန်ုပ်၏မိတ်ဆွေမှ လျှောက်ထားဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် သက်ဆိုင်ရာရုံးဌာနသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကြူကြူခိုင် (LL.B, DIPL, WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၉၁၁၂)**
**(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ 09-443030376, 09-795559856**

---

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ ၃၀ လမ်း၊ တိုက်အမှတ်(၉၆၂)၊ တိုက်ခန်းအမှတ်(B၊ မြေညီ) (အလျား ၁၄ပေ x အနံ ၅၄ပေ) ရှိ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ကန်ထရိုက်တာ ဦးမောင်မောင်လွင် [၁၂/မရက(နိုင်)၀၁၂၆၁၀]မှ တရားဝင်ပိုင်ဆိုင်သည့် တိုက်ခန်းဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းကြောင်း ထုတ်ဖော်ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်တော်၏မိတ်ဆွေ ဦးစိုင်းအောင်မြတ်သူ [၁၂/ကမရ (နိုင်) ၀၀၅၈၅၈]က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်ကြောင်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်မြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ကျော်အောင် (LLB, B.B.S)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၀၂၂၇ / ၂၇-၁-၂၀၁၅)**
**အခန်းအမှတ်(၇၀၅)၊ ဘုရင့်နောင်တာဝါ(2B)၊ ဘုရင့်နောင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-421018989,09-789355665**

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး

## ဒေါ်ခင်ခင်ကြီး (ကျောက်ပန်းတောင်း)

**B.A,B.L ရန်ကုန်တက္ကသိုလ်/မန္တလေးတက္ကသိုလ်၊ သမိုင်းဌာန၊ အဝေးသင်တက္ကသိုလ်**

### အသက် (၉၈)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်းတို၊ အိမ်အမှတ် (၁၂/ခ)နေ (ဦးမောင်မောင်ကြီး-ဒေါ်ခင်ခင်မော်)တို့၏ သမီးကြီး၊ (ဦးမျိုးလွင်-ဒေါ်ခင်စိမ်းဝင်း)၊ (ဦးမြင့်တင်)-ဒေါ်ခင်သိန်ကြီး၊ (ဦးစိုးသူ)-ဒေါ်ခင်မေကြီးတို့၏ အစ်မကြီး၊ တူ/တူမ ၁၁ ယောက်၊ မြေး ကိုးယောက်၊ မြစ် သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၄-၂၀၂၆ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၂၆ ရက် နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးစံညိမ်း

**(ဒုအင်ဂျင်နီယာချုပ်၊ ငြိမ်း)**

### အသက် (၈၈) နှစ်

ဦးသာထွန်း-ဒေါ်ကြူး တို့၏သား၊ ဦးကျော်ရှိန်-ဒေါ်သာစု တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် (၁၃၁ အီး ၁ အေ) နေ ဒေါ်ခင်သက်တင် ၏ ခင်ပွန်း၊ မအေးအေးမြတ်၊ မောင်ထွန်းအောင်လင်း၊ မစုထွေးလှိုင် တို့၏ ဖခင်၊ Naing Aung Group of Companies ၏ ဥက္ကဋ္ဌကြီးသည် ၂၈-၄-၂၀၂၆ ရက် (အင်္ဂါနေ့) ညနေ (၆:၃၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃၀-၄-၂၀၂၆ ရက် (ကြာသပတေးနေ့) မွန်းတည့် (၁၂:၀၀)နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုး၊ မိတ်ဆွေများကို ကျန်ရစ်သူမိသားစုမှ ညိုးငယ်စွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၄-၅-၂၀၂၆ ရက်(တနင်္လာနေ့) နံနက် (၉:၀၀) နာရီမှ မွန်းတည့် (၁၂:၀၀) နာရီအချိန်အထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းသွတ် တရားနာမည်ဖြစ်ပါသဖြင့် ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ရန်နိုင်

### အသက် (၄၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ ဇောတိက(၁)လမ်း၊ အိမ်အမှတ်(၆၈၂/က)နေ (ဗိုလ်ကြီးထွန်းကြိုင်)-ဒေါ်သိန်းညွန့်တို့၏ သားငယ်၊ (ဦးတင်မောင်-ဒေါ်လှကြီး)တို့၏ သားသမက်၊ (ဦးခင်မောင်မြင့်)- ဒေါ်သိန်းတင် (ကျောင်းအုပ်-ငြိမ်း) တို့၏တူ၊ ဦးသိန်းစိုးဦး-ဒေါ်ဝါဝါအောင်၊ ဦးဝမ်းကိုကို-ဒေါ်စုစန္ဒာတို့၏ ညီ/မောင်၊ ဒေါ်သက်မာထွေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူသည် ၂၉-၄-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၁-၅-၂၀၂၆ (သောကြာနေ့) နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုမှ ၅-၅-၂၀၂၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ ဘုရားအမှူးရှိသောပင့်သံဃာတော် အရှင်သူမြတ်တို့အားပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၉/သားတက်)၊ မြေကွက်အမှတ်- (၆/ဃ၇/၈၇/စ)၊ ရွာမအနောက်ရပ်ကွက်၊ မုဒိတာအိမ်ရာ(၂)၊ ပေါက်တောဝ၊ ဖန်ချက်စက်လမ်းနှင့်ဆန်စက်လမ်းကြား၊ အမှတ်(၈၉၅) R.C.C အခန်းတွဲ (Lift)ပါ၊ ၈ ထပ်ခွဲတိုက်ရှိ၊ အခန်းအမှတ်-(2B-163) မြေညီထပ်တိုက်ခန်းနှင့် ယင်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူဖြစ်သော ဒေါ်ဝေဝေလွင် [၁၂/အစန(နိုင်)၀၂၀၄၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဆက်လက်၍ ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစွမ်းရည်ကျော်မြင့်ဦး (ခ) ကျော်စွမ်းရည်**
**(ဘ) ဦးမြင့်ဦး [၇/ပခန(နိုင်)၂၅၇၀၀၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်အောင် (LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၅၄၃၁ / ၂၄-၁-၂၀၁၉)**
**၀၉-၇၇၄၉၀၅၂၆၀**

---

## "ကန့်ကွက်နိုင်ပါကြောင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်အမှတ် (၅၀/က)၊ (၂)ခန်းတွဲ (၅)ထပ်တိုက်၏ မြေညီထပ်(ခေါင်းရင်းခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြောင်းဖြင့်ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသူဖြစ်သည့် ဒေါ်နှင်းအိအိစိုး [၁၂/မဂဒ(နိုင်) ၁၁၆၀၂၆]ထံမှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူဖြစ်သည့် ဦးမျိုးဇော်ဦး [၁၄/ညတန(နိုင်) ၀၉၆၂၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယခု သတင်းစာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇေယျ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၄၂၄၅)**
**တိုက်အမှတ် - (B 6)၊ အခန်း (၄၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၇၉၇၇၈၃၅၁၆**

---

## ပါမောက္ခ ဦးလှကြည်

**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်**
**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန**
**ရန်ကုန်တက္ကသိုလ်၊ ကျောက်မျက်ခွဲခြားခြင်း ဒီပလိုမာသင်တန်းပို့ချသူ**
**S Gemmological Institute**

### အသက် (၈၅) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၂)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ် (၁၄၁၅)နေ ဒေါ်နီနီခင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်ဖြိုး-မမျိုးမျိုးသန်း၊ ကိုသီဟဇော်-မခိုင်လဲ့ကြည်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်အောင်ရှင်းသန့်၊ မောင်ပီတိရှိန်တို့၏ အဘိုးသည် ၂၉-၄-၂၀၂၆ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၄၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁-၅-၂၀၂၆ (သောကြာနေ့) နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့အား ဆက်ကပ်လှူဒါန်း အမျှပေးဝေလိုပါသောကြောင့် ၅-၅-၂၀၂၆ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးသိန်းဟန်

**(လက်ထောက်ညွှန်မှူးတရားရေး-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)**

### အသက်(၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီ(၇)လမ်း၊ အမှတ်(၁၂၂၀)နေ ဒေါ်မေမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်ဇေယျာဟန်-ဒေါ်ချိုသဲဝေ၊ ဦးဝင်းထက်ဟန်-ဒေါ်မေပြည့်ဖြိုးသူ၊ ဦးမျိုးမင်းဟန်-ဒေါ်ခေတ္တာသူရ၊ ဦးကျော်စည်သူအောင်-ဒေါ်သီရိဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဟန်လင်းထွဋ်၊ မောင်ဘုန်းခန့်ပိုင်၊ မောင်အောင်ပြည့်မှူးပိုင်၊ မညိမ်းဝင့်အမရာတို့၏ အဘိုးဖြစ်သူသည် ၂၇-၄-၂၀၂၆ (တနင်္လာနေ့) ညနေ ၃:၅၉ နာရီတွင် ဘဝတစ်ပါးသို့ အေးချမ်းစွာကူးပြောင်းသွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၉-၄-၂၀၂၆ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၃-၅-၂၀၂၆ (တနင်္ဂနွေနေ့) နံနက်တွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထု အစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေကာ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်သန်းမြင့်

### အသက် (၇၄)နှစ်

(ဦးအေး-ဒေါ်အုန်းကြည်) တို့၏သမီး၊ (ဦးညွန့်ရီ)၏ ဇနီး၊ ဦးအောင်မင်း (ကြေးမုံသတင်းစာတိုက်)-ဒေါ်ခိုင်ခိုင်သန်း၊ (ဦးမြတ်သိန်း)-ဒေါ်လှလှဝင်း၊ ဦးအောင်ရွှေ၊ ဦးကျော်မင်းထွေး-ဒေါ်သင်းသင်းလှိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏ အဘွားသည် ၂၈-၄-၂၀၂၆ (အင်္ဂါနေ့) ည ၇:၂၈ နာရီတွင် သဃ်န်းကျွန်းမြို့နယ်၊ စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၄-၂၀၂၆ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကျီစု အအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇) ရပ်ကွက်၊ ငုရွှေဝါလမ်း၊ အမှတ် (၈၇၇) နေအိမ်မှ ကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းကွက်သစ် (၁)လမ်း၊ အမှတ် (၁၁)၊ (၅)လွှာ(A) စတုတ္ထထပ်၊ (၁၂ ½ x၅၀)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်နိုင်မြင့် [၁၂/မဂတ(နိုင်)၀၅၃၀၅၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်စောဝင်း (စစ်တွေ)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၇၀၆၀)**
**တိုက် (၂၇၄)၊ အခန်း (၁၅)၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၁၈၇၀၃၃**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်အမှတ်(၅၄)၊ ၅၈x၅၉ လမ်းကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီနီအောင် [၉/မကန(နိုင်) ၀၂၅၈၃၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၈)၊ ဦးပိုင်အမှတ်(၃၄)၊ ၅၃x၅၄လမ်းကြား၊ ၁၀၆x၁၀၇ လမ်းကြားရှိ မြေကွက်အား တောဂရန် အမှတ်တွဲအမှတ် (၂၂၆၉/၉၂-၉၃)အရ ဦးကိုလင်း မှတ်ပုံတင်အမှတ် [၉/မနမ(နိုင်) ၀၈၉၄၃၀] အမည်ပေါက်သို့ မြေရာဇဝင်၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ဆွေဇင်သက် မှတ်ပုံတင်အမှတ် [၁/မညန(နိုင်)၁၅၄၈၂၁]၊ ဒေါ်တင်တင်နွယ် မှတ်ပုံတင်အမှတ် [၈/သရန(နိုင်) ၀၀၆၀၄၉]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(ည/၁၁)ရပ်ကွက်၊ အောင်စိုးမိုး(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ်(၆၅၄/က)၊ အကျယ်အဝန်း (၂၃x၆၀)ပေရှိ ဦးသောင်းညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို** တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဂရန်အမည်ပေါက် **ဦးသောင်းညွန့် [၁၂/အစန(နိုင်)၁၂၃၇၈၀]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးငွေ၏စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်းများ)နှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ပြီးဆုံးသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဆွေဇင်ငြိမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်း (LL.B) (D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်- ၁၅၈၉၇)**
**အမှတ်(၅၀)၊ မြေညီထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။ ၀၉-၄၂၅၂၈၆၀၄၂၊ ၀၉-၇၆၀၈၁၁၇၇၆**

❖ နိုင်ငံတော် ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင်
ထိန်းကြစို့။

# ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဧပြီ ၂၉

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့၌ ဧပြီ ၃၀ ရက်တွင် ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Farmer's Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV Website၊ MRTV App နှင့် အွန်လိုင်းတို့မှ Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအစီအစဉ်များအနက် ယင်းနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ မှစတင်၍ ဆီမီးတိုင်များနှင့် လှည့်လည်ပူဇော်ပွဲကို မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းမှ ဥပ္ပါတသန္တိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်မှ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မုခ်ဦးမှ တစ်ဆင့် မာရဝိဇယစေတီတော်ကြီးအထိ လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့် ဥပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း အခမ်းအနားများကို ည ၇ နာရီမှစတင်၍လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်တွင် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပပုံကို ည ၈ နာရီခွဲမှစတင်၍ လည်းကောင်း တိုက်ရိုက် (Live) ရိုက်ကူး ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများ ကျင်းပ

နေပြည်တော် ဧပြီ ၂၉

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○



ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများ ကျင်းပစဉ်။



ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိ

ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ဧပြီ ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက ဘိုင်ယန်မြူးနစ်အသင်းကို ငါးဂိုး-လေးဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။ အဲဒီပွဲစဉ်မှာ လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို ဗာရက်ခ်ီလီယာက နှစ်ဂိုး၊ ဂျောင်နီဗက်စ်က တစ်ဂိုး၊ ဒမ်ဘီလီက နှစ်ဂိုးသွင်းယူပေးခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ဟယ်ရီကိန်းက တစ်ဂိုး၊ အိုလစ်က တစ်ဂိုး၊ အက်ပါမီကာနိုက တစ်ဂိုး၊ လူးဝစ်ဒီယက်ဇ်က တစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✪

# ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဧပြီ ၂၉

မေ ၁၆ ရက်မှ ၂၃ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးပါဝင်မည်ဖြစ်ပြီး မြန်မာပိုက်ကျော်ခြင်း အသင်းသည် လေးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲနှင့် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ သုံးမျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်း အသင်းသည် မတ်လလယ်ကတည်းက

စာမျက်နှာ ၁၈ ကော်လံ ၅ သို့❖



ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အစပြုမည့် ရက်ပေါင်း ၁၀၀ စီမံကိန်းနှင့် အစိုးရသစ်၏ ရှေ့လုပ်ငန်းစဉ်များ**

ဆောင်းပါး စာမျက်နှာ » ၁၂

**အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများ၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်းတရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား မှူဆယ်မြို့၌ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅